မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတ နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ် အာရပ်သမ္မတနိုင်ငံ သမ္မတမစ္စတာမိုဟာမက်ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ အာမက်နာဇစ်ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည်မြင့်မားရေး

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

မန္တလေးတိုင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ထူးချွန်ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ တရားရုံးချုပ်(အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘများ၊ ပညာရေးအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၇ ●

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

ကာဂျစ်စတန်သမ္မတနိုင်ငံဆိုသည်မှာ....

တိုး၏ သတင်းအက်ဆေး စာ-၅

နံနက်ခင်းနေရောင်ကို ၁၅ မိနစ်ခံယူပါက အရေပြားကင်ဆာနှင့် အရိုးရောဂါများ မဖြစ်ပွားနိုင်

အင်တာနက်ကျန်းမာရေးသတင်း စာ-၅

ကြည့်သူရင်ကို လှိုင်းထစေသည့် မုန်တိုင်းမှ နိုးထခြင်း ကာတွန်းပြပွဲ

မိုးမြင့်လင်းလက်၏ အနုပညာသတင်း စာ-၆

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံ ဥပဒေတွေမှာ နိုင်ငံရေး ပြစ်မှုဆိုတာကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိသလို ဘယ်သူ့ကိုမှလည်း နိုင်ငံရေး ပြစ်မှုနဲ့ အရေးယူတာမရှိပါဘူး။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီးလည်း မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ ထားတာမရှိပါဘူး။ နိုင်ငံတော်အကျဉ်းသား (State prisoner) နဲ့ နိုင်ငံရေး အကျဉ်းသား (Political prisoner) မတူဘူးဆိုတာကို ခွဲခြားမှတ်သားဖို့ လိုပါတယ်။

နိုင်မြင့်(တောင်သာ)၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

23-7 (01).pmd 1 7/24/2008, 2:40 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်)

နိုင်ငံတော်၏စီးပွားရေးစီမံကိန်းများ ဖြစ်ထွန်းအောင်မြင်ရေး လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက် လက်တွဲကြိုးပမ်း

နိုင်ငံတော်က အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှု၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ လျှပ်စစ်စွမ်းအားနှင့် ကုန်သွယ်မှုစသည့် စီးပွားရေးကဏ္ဍလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဖော်ဆောင်ပေးလျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ ပိုမိုတိုးတက်စေရေးအတွက် လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှု လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ အခြေခံခိုင်မာ၍ ဖွံ့ဖြိုးတိုးတက်လာစေရန် ပျိုးထောင်ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတိုးတက်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများရှိ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေး လက်တွဲကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့အတူ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များအနေဖြင့် စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ ဈေးကွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် တစ်မျိုးသားလုံးက လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက် လက်တွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းများ ပိုမိုဖြစ်ထွန်း တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း အမှတ် ၁၉၇ အခန်း(၃)နေ နှစ်ဖက်ဘိုးဘွားများနှင့် မိခင်ကြီး ဒေါ်သန်းကြည်အား ရည်စူး၍ ဖခင်ကြီး အသက်(၈၀)ပြည့် မွေးနေ့အတွက် သားသမီး၊မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေး၊ ဦးထွန်းနှင့်ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ (အောက်ပုံ) (က-ပ)

မြန်မာ့မီးရထား၏ ပို့ဆောင်ရေးကဏ္ဍအရေးပါ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထား

ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး ဦးစားပေး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌မှာကြား

နေပြည်တော် ဇူလိုင် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဌာနများ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေး တင်ပြကြသည်။

ဆက်လက်ဆောင်ရွက်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ဦးစားပေးဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထား၏ ပို့ဆောင်ရေးကဏ္ဍသည် အရေးပါသောနေရာတွင် ရှိနေခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားပြီး ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် မြန်မာ့မီးရထားသည် ပြည်သူအားလုံးသွားလိုသည့်နေရာကို ဈေးနှုန်းချိုသာစွာဖြင့် သယ်ဆောင်ပေးခြင်းကြောင့် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ စီးနင်းသွားလာနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်မိဘများ အမှူးထား၍ အမှတ် ၂၇ ကုန်ဈေးတန်းလမ်း (၆)ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေ ကိုဟန်လင်း-မဆွေဇာငြိမ်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံ ခြောက်ထပ်ဆေး ရုံ သစ် ကြီး အတွက်အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

ဥတုရာသီ တောကိုမှီ၏

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၁၄)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း-၈၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ**
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၁၂)

တောင်ငူမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၂

တောင်ငူမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်း ၂လမ်းရှိ ရွှေနေချုပ်ရုံးဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသူအသင်းသားများ၏ သားသမီးများ၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင် မြို့နယ်များမှ ရန်ကုန်နယ်နိမိတ်အတွင်း လာရောက်ဖြေဆို၍ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသားကျောင်းသူများသည် အမှုဆောင်များထံသို့ ဆက်သွယ်စာရင်းပေးရန်နှင့် အသင်းသူအသင်းသားများ၊ အသင်းမဝင်ရသေးသူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ဦးထွန်းထွန်း (ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀-၀၁၉၀၃၊ ၃၇၅၃၈၄၊ အမှုဆောင် ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် အမှုဆောင် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁-၂၅၄၄၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ပထမအဆင့်အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ရှိ နေပြည်တော် အားကစားပြိုင်ကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပကြသည်။

ကြည့်ရှုအားပေး

နေပြည်တော် ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေး ကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

ဇူလိုင်၂၃ရက် ညနေ၄နာရီတွင် (ဃ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့သည် နေပြည်တော် အားကစားပြိုင်ကွင်း၌လည်းကောင်း၊ (ဃ)အုပ်စုမှ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့သည် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်း၌လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူသည် အများသူငါတို့ထက်မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ဝါတွင်းကာလတရားပွဲ

ရန်ကုန် ဇူလိုင် ၂၂

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယကျေးဇူးရှင် ဆရာကြီး ဦးကြည်၏ ဥပနိဿယမူ အတိုင်း ဆရာကြီး၏ တပည့်ရင်းများဖြစ်သော ဓမ္မကထိက ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ (ရန်ကုန်)တို့က ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဝါတွင်းသုံးလ အပတ်စဉ်ဥပုသ်နေ့တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်၃ရပ်ကွက် ဝေဇယန္တာလမ်းရှိ ဝေဇယန္တာ ဓမ္မာရုံတော်ကြီးတွင် ဟောပြောပြသမည်ဖြစ်သည်။ ဇူလိုင် ၂၅ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ အဆိုပါ ဓမ္မာရုံကြီးတွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားများကို စတင်ဟောပြောမည်ဖြစ်ရာ လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အဘိဓမ္မာသင်တန်း နေပြည်တော်တွင်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

ဓမ္မဇျုပ္ပဟာ သာသနမာမကအဖွဲ့ (လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)၏ အခြေခံ အဘိဓမ္မာသင်တန်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်(ဘူးကွဲ)ရှိ အထက(၁၁) နေပြည်တော် (ဦးပိုင်မှတ်တိုင်)တွင် ဇူလိုင် ၂၇ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ဓမ္မဒါန ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ရောဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်တည်ဆောက်ပြီးစီးမှုများ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၂၂

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr.John Holmes နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာရန် ယနေ့နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ဘိုကလေးမြို့

ထို့နောက် ဘိုကလေးမြို့ရှိကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လေဘေးသင့်ဒေသများ၌ သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့ရှိ မွန်မြတ်ကရုဏာရှင်များအဖွဲ့ (NCV)နှင့် တွေ့ဆုံရာ အဖွဲ့မှတာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများပေးပို့လှူဒါန်းမှု၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း ပါဝင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ဖွံ့ဖြိုးတိုးတက်

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့ရှိ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ထားမှုများနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ယာယီစာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများပညာသင်ယူနေမှု၊ လူနေအိမ်များ ပြန်လည်တည်ဆောက်ပြုပြင်ထားမှု၊ နိုင်ငံတော်က ဦးဆောင်စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များ၌ မိသားစုအလိုက် စနစ်တကျ နေထိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး လေဘေးသင့်မိသားစုများအတွက် နိုင်ငံတော် အစိုးရက စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များကို စနစ်တကျ အကွက်ချတည်ထောင်ပေးထားသည့် ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်၌ မိသားစုအလိုက် သန့်ရှင်းသပ်ရပ်စွာ နေထိုင်နေမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး နိုင်ငံတော် အစိုးရက ပံ့ပိုးပေးထားသော ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေများနှင့် စနစ်တကျ အကွက်ချတည်ဆောက်ပေးထားသော လူနေအိမ်များ၌ မိသားစုအလိုက် နေထိုင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် လေ့လာရေးအဖွဲ့သည် ကျုံဒါးကျေးရွာမှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြကာ လမ်းတစ်လျှောက်ရှိ လေဘေးသင့် မြို့၊ ရွာများ ပြန်လည်ထူထောင် တည်ဆောက်ထားမှုများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးနေမှုများနှင့် ရေလုပ်ငန်းလုပ်ကိုင်နေမှုများကို ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်H.E. Mr.John Holmes နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ပါဝင်သောလေ့လာရေးအဖွဲ့ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ယာယီစာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများပညာသင်ယူနေမှုကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အမေဇုန်မြစ်ဝှမ်း၌ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုနှိမ်နင်းမည်

ဘိုဂိုတာ ဇူလိုင် ၂၂

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှု ပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ဘရာဇီး၊ ကိုလံဘီယာနှင့် ပီရူးနိုင်ငံတို့မှ အကြီးအကဲများ တက်ရောက်လျက်ရှိကြောင်း၊ အဆိုပါသဘောတူညီမှုတွင် အမေဇုန်မြစ်ဝှမ်းတစ်လျှောက်၌ မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်မှုနှင့် ပြောက်ကျားအဖွဲ့မှ လက်နက်မှောင်ခိုသယ်သူများကို တားဆီးကာကွယ်နှိမ်နင်းမှုများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ကိုရီးယား၌ ပြည်တွင်းစီးပွားရေးကဏ္ဍမြင့်တက်

ဆိုးလ် ဇူလိုင် ၂၂

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းကဏ္ဍ၌ ယခင်လအတွင်း ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လျက်ရှိရာ ဝင်ငွေရရှိမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄ ဘီလီယံ ရရှိသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၂ ထရီလီယံရရှိရာ လွန်ခဲ့သော နှစ်ကာလကထက် ၄ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဇူလိုင် ၂၁ ရက်က ဘဏ္ဍာရေးကြီးကြပ်ဝန်ဆောင်မှုအဖွဲ့ (အက်ဖ်အက်စ်အက်စ်)မှ သတင်းထုတ်ပြန်သည်။

ဟောင်ကောင်၌ ရွှေဈေးနှုန်းပြန်လည်မြင့်တက်

ဟောင်ကောင် ဇူလိုင် ၂၂

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသတွင် ရွှေဈေးနှုန်းမှာ ပြန်လည်မြင့်တက်လာခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဒေါ်လာ ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ လက်ရှိပေါက်ဈေး၌ ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၉၆၆ ဒသမ ၂၉ ဒေါ်လာရှိကြောင်း သိရသည်။

ပီရူးမြောက်ပိုင်း၌ ဘတ်စ်ကားနှစ်စီးတိုက်မိ၊ ၂၂ ဦးသေဆုံး

လီမာ ဇူလိုင် ၂၂

ပီရူးနိုင်ငံမြောက်ပိုင်း ပါဆာမာရိုမြို့တွင် ဇူလိုင် ၂၂ ရက်က ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ အနည်းဆုံး ၂၂ ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘတ်စ်ကားတစ်စီးမှ မောင်းနှင်သူမှာ အခြားတစ်စီးအား နောက်ပြောင်ခဲ့ရာမှ ယခုကဲ့သို့ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဖဂန်၌ အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွား

ကဘူးလ် ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဇူလိုင် ၂၂ ရက် နံနက်ဖြနာရီခန့်က အသေခံဗုံးဖောက်ခွဲမှု တစ်ရပ်ဖြစ်ပွားရာ အရပ်သားသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ထပ်မံသတင်းထုတ်ပြန်သည်။ ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံအတွင်း အသေခံဗုံးဖောက်ခွဲမှု ၁၄၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိုမန်၏ ရေနံစိမ်းပြည်ပတင်ပို့မှုကျဆင်း

မတ်စကက် ဇူလိုင် ၂၂

အိုမန်နိုင်ငံ၌ ယခုနှစ်မေလအတွင်း ရေနံစိမ်းစည်ပေါင်း ၁၁၂ ဒသမ ၂ သန်း ထုတ်လုပ်နိုင်ခဲ့ရာ ယခင်နှစ်အလားတူ ကာလကထက် ၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ပြည်ပတင်ပို့မှု ပမာဏမှာ ရေနံစိမ်းစည်ပေါင်း ၉၀ ဒသမ ၇ သန်းခန့် တင်ပို့နိုင်ခဲ့သည်။ သို့ဖြစ်ရာ ယမန်နှစ်ကာလကထက် ၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အမျိုးသားစီးပွားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပါကစ္စတန်၌ လုံခြုံရေးတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်

အစ္စလမ္မာဘတ် ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံ၌ အနောက်တောင်ပိုင်း ဘာလိုချစ်စတန်ပြည်နယ် ဂျာဖာရာဘတ်ဒေသ၌ ဇူလိုင် ၂၁ ရက်က တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ယာဉ်ကို ပစ်မှတ်ထားလျက် အကြမ်းဖက်သမားများ၏ အဝေးထိန်းစက်ခလုတ်ဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရရှိကာ အဆိုပါယာဉ်ပျက်စီးခဲ့ရကြောင်း ဒဏ်ရာရရှိသူများအား နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ဗီယက်နမ်တောင်ပိုင်း၌ ကြက်ငှက်တုပ်ကွေး ထပ်မံဖြစ်ပွား

ဟန္နွိုင်း ဇူလိုင် ၂၂

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ပြည်နယ်အချို့တွင် ဇူလိုင်လလယ်မှစတင်၍ ကြက်ငှက်တုပ်ကွေး H_5N_1 ရောဂါပိုးများထပ်မံ၍ ကူးစက်ဖြစ်ပွားလျက်ရှိရာ ကြက်ကောင်ရေ ၃၅၀ ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း၊ ၎င်းနိုင်ငံ၌ ၂၀၀၃ ခုနှစ် ဒီဇင်ဘာမှ စတင်၍ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ငှက်ကောင်ရေ ၁၂ သန်းခန့် သေဆုံးခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အိုင်စီစီဆိုင်ရာ အာရပ်အဖွဲ့ချုပ်အစီအစဉ် ဆူဒန်သမ္မတ စဉ်းစားလျက်ရှိ

ကိုင်ရို ဇူလိုင် ၂၂

နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ)၏ဆူဒန်သမ္မတ အိုမာအယ်ဘရှားအပေါ် စွပ်စွဲချက်များကိစ္စကို ဆွေးနွေးရန် အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူး မူဆာသည် ဆူဒန်နိုင်ငံမြို့တော်ခါတွမ်သို့ ဇူလိုင်၂၀ရက်က သွားရောက်ပြီး သမ္မတအိုမာအယ်ဘရှားနှင့် တွေ့ဆုံသည်။

ပြဿနာဖြေရှင်းရေးအာရပ်အဖွဲ့ချုပ်က ရေးဆွဲသည့်အစီအစဉ်ကို ဆူဒန်နိုင်ငံက ကျေနပ်စွာလက်ခံကြောင်း အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးမူဆာက ပြောကြားသည်။

ပြစ်တင်ရှုတ်ချ

စစ်ရာဇဝတ်မှုများဖြင့် ဆူဒန်သမ္မတ ဘရှားအားဖမ်းဆီးရန် အိုင်စီစီ၏တောင်းဆိုချက်ကို အီဂျစ်နိုင်ငံ ကိုင်ရို၌ ဇူလိုင် ၁၉ ရက်က ကျင်းပသည့် အာရပ်အဖွဲ့ချုပ် အစည်းအဝေးက ပြစ်တင်ရှုတ်ချသည်။

ဆူဒန်နိုင်ငံ ဒါဖာဒေသအတွင်း အကြမ်းဖက်မျိုးဖြုတ်သတ်ဖြတ်မှု စွပ်စွဲချက်များကို သမ္မတဘရှားပြောကြားရမည်ဟု အိုင်စီစီရှေ့နေများက တောင်းဆိုသည်။ အိုင်စီစီ၏ထိုလုပ်ရပ်မှာ မျှတမှုမရှိဟု အာရပ်အဖွဲ့ချုပ်က ကြေညာသည်။

(အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံမှ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဘိုလီးဗီးယားနိုင်ငံ ကိုလိုမီမြို့အနီး၌ ပျက်ကျခဲ့သည်ကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။ (ယင်းပျက်ကျမှုတွင် လေယာဉ်မှူး ငါးဦးသေဆုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

တရုတ်၌ မြေငလျင် ကယ်ဆယ်ရေးလုပ်ငန်းပြီးစီး

ပေကျင်း ဇူလိုင် ၂၂

အနည်းဆုံးပြည်သူ ၇၀၀၀၀အသက်ဆုံးရှုံးရသည့် မြေငလျင်လှုပ်ပြီး နှစ်လကျော်အကြာတွင် ကယ်ဆယ်ရေးလုပ်ငန်းမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းသို့ ကူးပြောင်းစဉ် ငလျင်ဘေးသင့်စီချွမ်ပြည်နယ်မှ တရုတ်တပ်မတော်သားများ ဇူလိုင် ၂၁ ရက်က စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ရိုက်တာ သတင်းတွင်ဖော်ပြပါရှိသည်။

ဆော်သြ

မေ ၁၂ရက် မြေငလျင်လှုပ်ခဲ့ပြီး ရက်သတ္တပတ်များတွင် ငလျင်ဒုက္ခသည်များ ကယ်ဆယ်ရေးအတွက် ရဲတပ်ဖွဲ့နှင့် တရုတ်တပ်မတော်သားစုစုပေါင်း၁၃၀၀၀၀တို့အား ဆော်သြလိုက်သည်။

ရုပ်သိမ်း

ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌလည်းဖြစ်သူ သမ္မတဟူကျင်တောင်၏ အမိန့်ဖြင့် ပထမသုတ်အဖြစ်တပ်မတော်သား၄၀၀၀၀ တို့ စီချွမ်ပြည်နယ်မှ စတင်ရုပ်သိမ်းနေပြီဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန် သို့မဟုတ် အစ္စရေးက အီရန်ကိုတိုက်လျှင် အရှေ့အလယ်ပိုင်း ပိုမိုမတည်မငြိမ်ဖြစ်နိုင်

ဝါရှင်တန် ဇူလိုင် ၂၂

အီရန်၏ နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်း၍ အမေရိကန်သို့မဟုတ်အစ္စရေးက အီရန်အား တိုက်ခိုက်ခြင်းဖြင့် အရှေ့အလယ်ပိုင်းတွင် ပိုမိုမတည်မငြိမ်ဖြစ်လာနိုင်သည်ကို စိုးရိမ်မိကြောင်း စစ်ဘက်ရေးရာ အကြံပေးပုဂ္ဂိုလ်က ဇူလိုင် ၂၀ ရက်၌ ပြောကြားလိုက်သည်။

အမေရိကန် စစ်ဦးစီးချုပ်များအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ရေတပ်ဗိုလ်ချုပ်ကြီးမိုက်မူကင်က ဖောက်နယူးစ်ဆန်းဒေး ရုပ်မြင်သံကြားအစီအစဉ်သို့ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

မမျှော်မှန်း

ကမ္ဘာ့ထိုဒေသအတွင်း မတည်မငြိမ်ဖြစ်မည်ကို စိုးရိမ်သည့်အပြင် အီရန်အား တိုက်ခိုက်ခြင်းကြောင့် မမျှော်မှန်းနိုင်သည့် နောက်ဆက်တွဲဖြစ်ရပ်များ ပေါ်ပေါက်နိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဆင်နွှဲ

ယခုအခါ မိမိတို့သည် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် စစ်ပွဲနှစ်ရပ်ဆင်နွှဲနေရကြောင်း၊ တတိယစစ်ပွဲ ဆင်နွှဲရန် မသင့်ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီးမူကင်က ပြောကြားသည်။

ပြောကြား

သို့သော် အမေရိကန်စစ်ဘက်က နောက်ထပ်စစ်မျက်နှာဖွင့်နိုင်စွမ်းရှိကြောင်း ထည့်သွင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၂၂

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇူလိုင် ၂၂ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၅ ံC	သာယာ
ဂျပန်	တိုကျို	၃၁ ံC	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၂ ံC	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၆ ံC	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃ ံC	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၅ ံC	သာယာ
ရုရှား	မော်စကို	၂၄ ံC	တိမ်ထူထပ်
ဂျာမနီ	ဖရန့်ဖွတ်	၂၄ ံC	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၄ ံC	သာယာ
ဗြိတိန်	လန်ဒန်	၂၂ ံC	တိမ်ထူထပ်၊သာယာ
အမေရိကန်	နယူးယောက်	၃၃ ံC	တိမ်ထူထပ်

(အင်တာနက်)

အကြီးဆုံးဆိုဖာထိုင်ခုံ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဇူလိုင် ၂၁ရက်က ကျင်းပသည့် ဒေသဆိုင်ရာပွဲတော်တစ်ခု၌ ဆိုဖာထိုင်ခုံကြီးတစ်ခုကို ခင်းကျင်းပြသထားရာ ၎င်းဆိုဖာထိုင်ခုံကြီးသည် အရှည်မီတာ ၅၀ ရှိပြီး ၁၀၄ ဦး ထိုင်နိုင်ရာ ကမ္ဘာပေါ်၌အကြီးဆုံး ဆိုဖာထိုင်ခုံကြီး **(ဝဲပုံ)** အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင်ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အမြင့်ဆုံးအပျော်စီးရထား

အမေရိကန်နိုင်ငံ ရှယ်လင်တန်မြို့၌ အသက် ၁၈နှစ်အရွယ် ဘရန်ဒန်မိုယန်အမည်ရှိ လူငယ်တစ်ဦးက အမြင့် ၃၆ပေ အရှည် ပေ၅၀ရှိသည့် အပျော်စီးရထားတစ်စင်း၏ ဒီဇိုင်းပုံစံကို ဇူလိုင်၂၁ ရက်က ပြုလုပ်ပြသခဲ့ရာ ၎င်းအပျော်စီးရထား ဒီဇိုင်းပုံစံသည် ကမ္ဘာပေါ်၌ အမြင့်ဆုံးအပျော်စီးရထားတစ်စင်း(ယာပုံ)**၏ ဒီဇိုင်းပုံစံဖြင့် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။** (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မသက်သာသူကို မညှဉ်းပန်းပါဟူသော အမေရိကန်၏အာမခံချက် ဗြိတိန်အစိုးရမယုံသင့်ဟု အောက်လွှတ်တော်အမတ်များသတိပေး

လန်ဒန် ဇူလိုင် ၂၂

အကြမ်းဖက်သမားဟူ၍ မသင်္ကာသူများအား ညှဉ်းပန်းနှိပ်စက်ခြင်းမပြုပါဟု အမေရိကန်၏ အာမခံပြောဆိုမှုများကို ဗြိတိန်အစိုးရအနေဖြင့် ယုံမှတ်၍ပုံမအပ်သင့်ကြောင်း ဗြိတိန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက ဇူလိုင်၂၀ရက်တွင် သတိပေးလိုက်သည်။

မည်သို့ပြုမူဆက်ဆံခြင်းသည် ညှဉ်းပန်းနှိပ်စက်သည်မည်၏ဟူသော အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ဗြိတိန်နှင့်အမေရိကန်တို့ ကွဲပြားခြားနားကြကြောင်း၊ ထို့ကြောင့် အမေရိကန်တို့၏ ပြောဆိုမှုများကို ဗြိတိန်အစိုးရက စိစစ်ရမည်ဖြစ်ကြောင်း ဗြိတိန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ၌ တိုက်တွန်းထားသည်။

မီးမောင်းထိုးပြ

ရေနစ်သည်နှင့် အလားတူသော တရားခံအားရေလောင်းစစ်ဆေးနည်းကို အမေရိကန်တို့က တရားဝင်စစ်ဆေးနည်းအဖြစ် လက်ခံထားသည်ကို ကော်မတီက မီးမောင်းထိုးထောက်ပြလိုက်သည်။ ထိုအမေရိကန်စစ်ဆေးနည်းကို တားမြစ်ရန် အမေရိကန်သမ္မတဘုရှ်ကိုယ်တိုင်က ငြင်းဆိုထားသည်။

စီအိုင်အေ အကျဉ်းသားများသယ်ဆောင်သည့် လေယာဉ်နှစ်စင်း ဗြိတိန်ပိုင် ဒီဂိုဂါစီယာကျွန်းတွင် ဝင်ရောက်ဆီဖြည့်ခဲ့ကြောင်း၊ ယခုနှစ်ဆန်းပိုင်းက စုံစမ်းသိရှိရကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် ထိုသို့သောလေယာဉ်မျိုးတို့ကို မိမိပိုင်နက်နယ်မြေတို့တွင် သက်ဆင်းခွင့်မပေးတော့ရန် တာဝန်ရှိကြောင်း ကော်မတီဝင်ဗြိတိန်အမတ်များက အစိုးရကိုထောက်ပြပြောဆိုလိုက်သည်။ **(အင်တာနက်)**

စပိန်နှင့် အတိတ်မှဖြစ်ရပ်များကို မေ့ပျောက် သံတမန်ဆက်ဆံရေး ဗင်နီဇွဲလား ပြန်လည်ထူထောင်လို

ကရာကတ် ဇူလိုင် ၂၂

ဥရောပနိုင်ငံဖြစ်သည့် စပိန်နိုင်ငံနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ပြန်လည်ဖော်ထုတ်ရန် စပိန်ဘုရင် ဂျူအန်ကားလို့စ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ဇူလိုင်၂၁ရက်သတင်းတွင် ရေးသားဖော်ပြသည်။

ထုတ်ဖော်ပြောကြား

ဟူဂိုချာဗက်ဇ်က မကြာမီမက်ဒရစ်သို့ သွားရောက်မည့်အလည်အပတ်ခရီးစဉ်တွင် စပိန်ဘုရင်ဂျူအန်ကားလို့စ်နှင့် ဆွေးထွေးစွာဆက်ဆံလိုကြောင်း၊ အတိတ်က အဖြစ်အပျက်များကို မေ့ပစ်လိုကြောင်း ဇူလိုင်၂၀ရက်က ၎င်း၏ အပတ်စဉ် ရေဒီယိုဆွေးနွေးခန်း အလိုပရက်ဆီဒင်တီ၏ တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်က ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင်ကျင်းပခဲ့သော အီဘီရို-အမေရိကန် ထိပ်သီးဆွေးနွေးပွဲတွင် စပိန်ဝန်ကြီးချုပ်ရိုဒရီဂူယက်ဇ် မိန့်ခွန်းပြောကြားစဉ်၌ ချာဗက်ဇ်က အကြိမ်ကြိမ်နှောင့်ယှက်ခဲ့သဖြင့် ၎င်းအားဆိတ်ဆိတ်နေရန် စပိန်ဘုရင်က သတိပေးတောင်းဆိုခဲ့ရသည်အထိ ဖြစ်ပွားခဲ့သည်။

မိမိအနေဖြင့် ထိုအဖြစ်အပျက်စာမျက်နှာကို ကျော်လှန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ စပိန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကဏ္ဍကို ပြန်လည်ဖွင့်လှစ်လိုသည့် ဆန္ဒရှိကြောင်း ချာဗက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဖြစ်ပုံက... ဘဝအမောပြေ

နယူးယောက်မြို့မှ လော့စ်အိန်ဂျလိစ်မြို့သို့ ပျံသန်းလာသောခရီးသည်တင် လေယာဉ်တစ်စင်းပေါ်တွင် လေယာဉ်မှူး၏ အသံထွက်ပေါ်လာသည်။

လေယာဉ်မှူး ။ ။ ကျွန်တော်တို့ ခရီးသည်တင်လေယာဉ် လော့စ်အိန်ဂျလိစ်မြို့သို့ ဦးတည်ပျံသန်းနေပါတယ်။

ခရီးသည်တစ်ဦး ။ ။ အိပ်လို့ရပြီလား။

လေယာဉ်မှူး ။ ။ ဟုတ်ကဲ့ အခုချိန်မှာ ခါးပတ်တွေဖြုတ်ပြီး အေးအေးဆေးဆေးနေလို့ ရပါပြီ။

ခရီးသည်တစ်ဦး ။ ။ ကျေးဇူးတင်ပါတယ်။ **မိနစ် ၂၀ ခန့်ကြာသော်...**

လေယာဉ်မှူး ။ ။ ခရီးသည်များခင်ဗျာ၊ ကျွန်တော်တို့ လေယာဉ်ကို ဆီမဖြည့်ခဲ့မိပါဘူး။ ခါးပတ်များပြန်ပတ်ပြီး အသင့်သာပြင်ထားကြပါတော့။

ခရီးသည်များ ။ ။ **"ဟိုက်"**

ဘဝဒဿနအမြင်

* *The beginning, as the proverhs says, is half of the whole.*
စကားပုံ၌ဖော်ပြထားသည့် အတိုင်းအဆသည် တစ်ခုလုံး၏တစ်ဝက်ဖြစ်သည်။
အရစ္စတိုတယ်လ် (ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

* *It is the greatest good to the greatest number which is the measure of right and wrong.*
လူအများစုအတွက် ကောင်းမွန်အကျိုးရှိမှု အများဆုံးဖြစ်စေရန်ဆောင်ရွက်နိုင်ခြင်းသည် အမှန်နှင့်အမှားခွဲခြားပိုင်းဖြတ်တတ်မှုပင် ဖြစ်သည်။
ဂျာမီဘင်တမ် (အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

အင်တာနက်ကျန်းမာရေး

နံနက်ခင်းနေရောင်ကို ၁၅မိနစ်ခံယူပါက အရေပြားကင်ဆာနှင့်အရိုးရောဂါများမဖြစ်ပွားနိုင်

နယူးယောက် ဇူလိုင် ၂၂

နေရောင်ခြည်ကို သတ်မှတ်အချိန်ပိုင်းအတိုင်း ထိတွေ့ခံယူပေးပါက အရိုးရောဂါများ မဖြစ်ပွားနိုင်သည့်အပြင် အရေပြားကင်ဆာလည်း မဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၂၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

အယူအဆလွဲမှား

နေရောင်ခြည်တွင် ဗီတာမင်ဒီ ပါဝင်မှုနှုန်း များပြားလွန်းသည်ဖြစ်ရာ အရေပြားနှင့် အရိုးကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ၎င်းတို့က ပြောကြားသည်။ ယခင်က နေရောင်ခြည်ထိတွေ့ပါက ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားကင်ဆာဖြစ်ပွားနိုင်သည်ဟူသော အယူအဆလွဲမှားနေကြောင်း ၎င်းတို့က ပြောကြားသည်။

ကျန်းမာရေးအထူးကောင်းမွန်

နံနက် ၇နာရီခန့်၌ နေရောင်ခြည်ကို တစ်နေ့လျှင်၁၅မိနစ်မှ မိနစ်၂၀အထိ ခံယူပေးပါက လူကြီးလူငယ်မရွေး ကျန်းမာရေးအထူးကောင်းမွန်နိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

နေရောင်ခြည်ခံယူလေ့ရှိ

နံနက်ခင်းနေရောင်ခြည် ခံယူလေ့ရှိသူ၂၆၀၀တို့အား သုတေသနပြုခဲ့ရာ ၎င်းတို့သည် ကင်ဆာရောဂါနှင့် အရိုးရောဂါတို့ ဖြစ်ပွားမှုမရှိကြသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဇီဝသိပ္ပံ

အသံမြည်သောငါးကို သာယာနာပျော်ဖွယ်အသံဖြစ်ရန်ပြုပြင်

နယူးယောက် ဇူလိုင် ၂၂

လူတစ်ဦးအသံကဲ့သို့ အော်မြည်တတ်သော ငါးပူတင်းမျိုးစပ် ငါးမျိုးအနေဖြင့် မည်သည့်အတွက်ကြောင့် အသံထွက်တတ်သည်ကို ဇီဝဗေဒသုတေသနပညာရှင်များက ဇူလိုင် ၂၀ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။

ငါးပူတင်းမျိုးစပ်

အဆိုပါ ငါးပူတင်း မျိုးစပ်ငါးမျိုး **(အပေါ်ပုံ)** သည် ကြီးမားသော မျက်စိနှင့် ပါးစပ်များပါရှိပြီး ပင်လယ်သမုဒ္ဒရာကြမ်းပြင်၌ သွားလာကူးခပ် အသက်ရှင်နိုင်စွမ်းရှိကြသည်။ ထိုငါးမျိုး၏ သက်တမ်းမှာ နှစ်သန်းပေါင်း ၄၀၀ခန့်ကပင် ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

အသံထွက်ရှိအောင် နှိုးဆော်ပေး

အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ ၎င်းငါး၏ဦးနှောက်အတွင်း ဗဟိုနာ့ဗ်ကြောနှင့် ဆက်စပ်နေသည့် အစိတ်အပိုင်းက အသံထွက်ရှိအောင် နှိုးဆော်ပေးနေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။

ဦးနှောက်အတွင်းရှိ အာရုံခံနာ့ဗ်ကြောနှင့် အသိစွမ်းရည်ကို ၎င်းအစိတ်အပိုင်းများက ပြောင်းလဲပေးသည်ဖြစ်ရာ ယခုအခါ ငါး၏ ဦးနှောက်နာ့ဗ်ကြောများနှင့်အသံအိုးများကို ပြုပြင်ပေးခြင်းဖြင့် သာယာနာပျော်ဖွယ်အသံဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရေး ကြိုးစားပေးနေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကာဂျစ်စတန်သမ္မတနိုင်ငံဆိုသည်မှာ ...

သတင်းအက်ဆေး

ကာဂျစ်စတန်သမ္မတနိုင်ငံသည် အာရှအလယ်ပိုင်းဒေသတွင် တည်ရှိသည်။ မိုးမျှော်တောင်ထွတ်တောင်ထိပ်များဖြင့် ရင်သပ်ရှုမောလှပလှသည့် ဤနိုင်ငံသည် ၁၉၉၁ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားမှုနှင့်အတူ လွတ်လပ်ရေးရရှိလာသည့် နိုင်ငံဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်း

ကာဂျစ်စတန်နိုင်ငံ၌ ရေနံနှင့်ဓာတ်ငွေ့ အရင်းအမြစ်များ ပိုင်ဆိုင်ထားသော်ငြား၊ အလုပ်သမားအများစုကိုမူ ဝယ်ယူတင်သွင်းနေရသည်။ စီးပွားရေးအခြေအနေမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ဆိုးရွားသည်။ အထူးသဖြင့် တောင်ပိုင်းတွင် အလုပ်လက်မဲ့ဦးရေ မြင့်မားပြီးဆင်းရဲတွင်းနက်လှသည်။ နိုင်ငံရေးမှာ မကြာမီနှစ်များအတွင်း မတည်မငြိမ်ဖြစ်လာရသည်။

၈ ရာစုတွင် အာရပ်ကျူးကျော်သူများက ယခုကာဂျစ်စတန်ခေါ်သည့်ဒေသ အပါအဝင် ဗဟိုအာရှကို ဝင်ရောက်သိမ်းပိုက်ပြီး အစ္စလာမ်ဘာသာသွတ်သွင်းသည်။ ၁၀ရာစုနှစ်နှင့် ၁၃ရာစုနှစ်များအတွင်း ဆိုက်ဘေးရီးယားအလယ်ပိုင်း ဗင်နီဆေးမြစ်ဝှမ်းမှ ကာဂျစ်လူမျိုးများသည် တီယင်ရှန်ဒေသသို့ ဆင်းလာသည်။ ၁၆၈၅ခုနှစ်တွင် ယခုကာဂျစ်စတန်နိုင်ငံ တည်ရှိရာဒေသတွင် ကာဂျစ်လူမျိုးတို့ အခြေချနေထိုင်သည်။ ရာစုနှစ်များနှင့်ချီ၍ တာ့ခ်တို့အုပ်စိုးပြီးနောက် အွိုင်ရက်တို့က အနိုင်ယူအောင်ပွဲခံသည်။ ၁၇၅၈ခုနှစ်တွင် အွိုက်ရက်တို့ကို တရုတ်မန်ချူးတို့က အောင်နိုင်ပြီးနောက် ကာဂျစ်လူမျိုးတို့မှာ တရုတ်အင်ပါယာ၏ အမည်ခံနိုင်ငံသားများ ဖြစ်လာသည်။ ၁၉ရာစုအစောပိုင်းတွင် အနောက်ဘက်မှ ကိုးကန့်ဥဇဘက်ပြည်နယ်၏ တရားစီရင်မှုအောက်သို့ရောက်သွားပြန်သည်။

သိမ်းပိုက်

၁၈၇၆ခုနှစ်တွင် ကိုးကန့်ပိုင်ပြည်နယ်ကို ရုရှားတပ်များက သိမ်းပိုက်ပြီးရုရှား အင်ပါယာအတွင်း ထည့်သွင်းလိုက်သည်။ ၁၉၁၆-၁၉၁၇ခုနှစ်များအတွင်းရုရှားက ဗဟိုအာရှ ပုန်ကန်မှုနှိမ်နင်းမှုနှင့် ၁၉၁၇ခုနှစ် ရုရှားအောက်တိုဘာတော်လှန်ရေးဖြစ်အပြီး ပြည်တွင်းစစ်တို့ကြောင့် အရှေ့ဘက်နယ်စပ်ကို ဖြတ်ကျော်ပြီး ကာဂျစ်လူမျိုးအများအပြား တရုတ်ပြည်တွင် ခိုလှုံကြသည်။

၁၉၂၀နှင့် ၁၉၃၀ပြည့်လွန်နှစ်များအတွင်း ဆိုဗီယက်မြေယာပြုပြင်မှုက ကာဂျစ်လူမျိုးတို့၏ အစဉ်အလာ နေထိုင်မှုဘဝကို အခြေပျက်စေသည့် ကာဂျစ်ကွန်မြူနစ်ပါတီကို တစ်ခုတည်းသော တရားဝင်နိုင်ငံရေးပါတီအဖြစ် ထူထောင်သည်။ ကွန်မြူနစ်များအပါအဝင် ကာဂျစ်ပညာတတ်အများအပြားက ဆန့်ကျင်ပြောကြားလာသောအခါ ထောင်ဒဏ်အပြစ်ပေးခြင်း သို့မဟုတ် ကွပ်မျက်ခြင်းခံကြရသည်။ ယခင်က ခြေသလုံးအိမ်တိုင်ထူကာ ရေကြည်ရာမြက်နုရာသို့ လှည့်လည်နေထိုင်လာကြသည်။ ကာဂျစ်လူမျိုးတို့မှာ မြေယာပြုပြင်ရေးစနစ်ကြောင့် အတည်တကျဖြစ်လာကာ စာပေတိုးတက်လာပြီး ပညာတတ်လာကြသည်။ ၁၉၂၁ခုနှစ်တွင် ဤနိုင်ငံသည် ရုရှားဆိုဗီယက်ဖက်ဒရယ်ဆိုရှယ်လစ်သမ္မတနိုင်ငံ(အာရ်အက်စ်အက်ဖ်အက်စ်အာရ်)အတွင်းမှ တာကီစတန်ကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (အေအက်စ်အက်စ်အာရ်)၏ အစိတ်အပိုင်းဖြစ်လာသည်။ ၁၉၂၆ခုနှစ်တွင် ကာဂျစ်ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသမှအေအက်စ်အက်စ်အာရ် အဖြစ်အဆင့်မြှင့်လိုက်သည်။ ၁၉၃၆ခုနှစ်တွင် ကာဂျစ်စတန်သည် ဆိုဗီယက်ပြည်ထောင်စု(ယူအက်စ်အက်စ်အာရ်)အတွင်းမှ သမ္မတနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။

၁၉၉၀ပြည့်နှစ်တွင် နိုင်ငံရေးလောက၌ ကွန်မြူနစ်မဟုတ်သည့် ပါတီများပါဝင်ခွင့်ပြုရေး ဆိုဗီယက်ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကို ကာဂျစ်ကွန်မြူနစ်ပါတီက ဆန့်ကျင်သည်။ ဥဇဘက်ကစ္စတန်နိုင်ငံနယ်စပ်အနီးရှိ အော့စ်မြို့ပတ်ဝန်းကျင်၌ လယ်ယာနှင့်အိမ်ရာကိစ္စ၊ ဥဇဘက်နှင့်ကာဂျစ်လူမျိုးရေးပဋိပက္ခကြောင့် လူသုံးလေးရာ သေဆုံးပြီးနောက် အရေးပေါ်အခြေအနေကြေညာသည်။ ကာဂျစ်ကွန်မြူနစ်ပါတီ၏ ပြုပြင်ပြောင်းလဲရေးအုပ်စုမှ အက်စကာအကာယက်ဗ်အား လောလောလတ်လတ် တီထွင်လိုက်သည့် သမ္မတရာထူးတွင် ရွေးချယ်တာဝန်ပေးလိုက်သည်။

ပူးပေါင်းဆောင်ရွက်

၁၉၉၁ခုနှစ်တွင် လွတ်လပ်သော ကာဂျစ်စတန်သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ မော်စကို၌ ရှေးရိုးစွဲ ကွန်မြူနစ်များ၏ ဂေါ်ဘာချက်ဆန့်ကျင်ရေး အာဏာသိမ်းမှုကို ရုရှားခေါင်းဆောင်ဘောရစ်ယဲလ်ဆင်နှင့်အတူ သမ္မတအကာယက်ဗ်က ပြောင်ပြောင်တင်းတင်း ဆန့်ကျင်သည်။ သမ္မတအကာယက်ဗ်နောက်ထပ်သမ္မတသက်တမ်းအတွက် ကန့်ကွက်သူမရှိရွေးချယ်ခံရသည်။ ကာဂျစ်စတန်နိုင်ငံလည်း လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့(စီအိုင်အက်စ်)ဝင်ဖြစ်လာသည်။ ၁၉၉၂ခုနှစ်တွင် ကုလသမဂ္ဂသို့ဝင်သည်။ ထို့ပြင် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး) ဖြစ်လာမည့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ညီလာခံသို့ဝင်ရောက်သည်။

၁၉၉၅ ခုနှစ်တွင် မစ္စတာအကာယက်ဗ်သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ ၂၀၀၀ပြည့်နှစ်နိုဝင်ဘာလတွင် နောက်ထပ်ငါးနှစ် သက်တမ်းအတွက် ပြန်လည်အရွေးခံရသည်။

ရွေးချယ်

၂၀၀၅ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပြီး သမ္မတအာကာယက်မ်အားရာထူးမှထွက်ပေးရန် တောင်းဆိုကြသည်။ ထိုနှစ်အတွင်း သမ္မတအာကာယက်ဗ်သည် ရုရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ ပါလီမန်ဖျက်သိမ်းပြီး အသစ်ရွေးချယ်သည်။ မစ္စတာဘာကီယက်ဗ်အား ယာယီသမ္မတနှင့်ဝန်ကြီးချုပ်တာဝန်ပေးမှုကို အသိအမှတ်ပြုသည်။ သမ္မတရွေးကောက်ပွဲပြုလုပ်ကာ ဘာကီယက်ဗ်ကိုပင် ရွေးချယ်တင်မြှောက်သည်။

၂၀၀၆ ခုနှစ်တွင် ရာဇဝတ်မှုနှင့်အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် သမ္မတဘာကီယက်ဗ်အားတောင်းဆို ဆန္ဒပြသည်။ မဆောင်ရွက်နိုင်ပါက ရာထူးမှထွက်ရန်တိုက်တွန်းခဲ့သည်။

၂၀၀၇ ခုနှစ်ကုန်ပိုင်းတွင် သမ္မတဘာကီယက်ဗ်ပါလီမန်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲကျင်းပပေးသည်။ သမ္မတ၏ ပါတီကအနိုင်ရသည်။ လူမျိုးပေါင်းစုံမှီတင်း နေထိုင်လျက်ရှိသည့် ဤနိုင်ငံ၌ သမ္မတဘာကီယက်ဗ်မှာ အဂတိလိုက်စားမှု ပပျောက်ရေး၊ ဆွေမျိုးကောင်းစားရေး၊ ကျင့်သုံးမှုအဆုံးသတ်ရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသော်လည်း ကန့်ကွက်တောင်းဆိုမှုများကား ရှိမြဲရှိနေဆဲဖြစ်သည်။ ။ ***ကိုးကား-အင်တာနက်***

တိုး - ရေးသားသည်

ကြည့်သူရင်ကိုလှိုင်းထစေသည့် မုန်တိုင်းမှနိုးထခြင်း ကာတွန်းပြပွဲ

အနုပညာသတင်း-မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၂၂

"မုန်တိုင်းမှနိုးထခြင်း"လို့ အမည်ပေးထားတဲ့ ကာတွန်းပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ လောကနတ်အနုပညာခန်းမမှာ ဇူလိုင်၂၂ရက်မှ ၂၆ရက်အထိ ခင်းကျင်းပြသလျက်ရှိပါတယ်။

"ဒီပြပွဲမှာ ရောင်းချလို့ရတဲ့ ငွေကြေးတွေ အားလုံးကို လေဘေးသင့်ပြည်သူတွေ အတွက် လှူဒါန်း သွားမှာပါ"

ကာတွန်းငယ်ဦး

လက်ရာစုံ

ကာတွန်းဆရာပေါင်း ၆၄ ဦးရဲ့ ကာတွန်းလက်ရာပေါင်း ၁၄၂ ခုကို လောကနတ်ခန်းမအတွင်းမှာမြိုင်မြိုင်ဆိုင်ဆိုင် ချိတ်ဆွဲပြသထားတာမို့ ကာတွန်းဆရာစုံရဲ့လက်ရာစုံ၊ အတွေးစုံတွေကို လေ့လာမြင်တွေ့ရပါတယ်။

ရည်ရွယ်ချက်

ဒီကာတွန်းပြပွဲ ဖြစ်မြောက်ရေးကော်မတီရဲ့အမှုဆောင်တစ်ဦးဖြစ်တဲ့ ကာတွန်းငယ်ဦးက "ကာတွန်းရေးဆွဲတဲ့ အနုပညာရှင်တွေအနေနဲ့ ကိုယ်တတ်ကျွမ်းတဲ့ အနုပညာနဲ့ မုန်တိုင်းသင့်ခံရတဲ့ ပြည်သူတွေကို တတ်အားသရွေ့ လှူဒါန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပြပွဲကို ကျင်းပဖြစ်တာပါ။ ဒီပြပွဲမှာ ရောင်းချလို့ရတဲ့ ငွေကြေးတွေ အားလုံးကို လေဘေးသင့် ပြည်သူတွေအတွက် လှူဒါန်းသွားမှာဖြစ်ပါတယ်" လို့ ပြောပြပါတယ်။

အားပါးတရ

ပြခန်းအတွင်းမှာတော့ ဆရာဦးဖေသိန်းရဲ့ **'ဆုတောင်း'** အမည်ရှိ ကာတွန်းကား၊ ရွှေမင်းသားရဲ့ **'ဈေးသို့'** လို့ အမည်ပေးထားတဲ့ ကာတွန်းကားတွေက အစ ဒီနေ့ မျိုးဆက်သစ် ကာတွန်းဆရာတွေအထိ ကာတွန်းတွေကို အားပါးတရ မြင်တွေ့ရပါတယ်။

ဘဝအားမာန်များကို ဖော်ပြနေသော ရွှေကိုဦးရဲ့ ကာတွန်းလက်ရာကလည်း ဤသို့ပြောင်မြောက်စွာ။

စိတ်ကြိုက်ရေးဆွဲ

အကြောင်းအရာကို သတ်မှတ်မထားဘဲ စိတ်ကြိုက်ရေးဆွဲ ဖော်ပြခွင့်ရှိတာမို့ ကာတွန်းတွေက တစ်ခုနဲ့ တစ်ခု မတူအောင် ကွဲပြားခြားနားနေတာ တွေ့ရပါတယ်။ အတော်များများကတော့ မုန်တိုင်းသင့်ခံရမှုနဲ့ နီးနွယ်နေတဲ့ ကာတွန်းတွေဖြစ်ပါတယ်။

"လောကဓံကိုခံရပြီး ပြန်လည် နိုးထလာပုံကို ရှင်းရှင်းလင်းလင်း ရေးဆွဲထားတာပါ"

ကာတွန်း စိုးသော်တာ

လူ့သဘာဝ

ကာတွန်းဆရာငယ်ဦးရဲ့ **'ငွေ'** လို့ အမည်ပေးထားတဲ့ ကာတွန်းလက်ရာကို ကြည့်တဲ့အခါ ပင်လယ်ပြင်မှာ မျောပါနေတဲ့ ဆင်သေကောင်နောက်ကို ကျီးငှက်တွေ လိုက်ပါနေတဲ့ပုံဖြစ်ပါတယ်။ ဆင်သေရဲ့ ကိုယ်မှာ ငွေလို့ရေးထားတာမို့ လူ့သဘာဝနဲ့ ထင်ဟပ်သုံးသပ်လို့ရတဲ့ ကာတွန်းပုံပါပဲ။

ပြန်လည်နိုးထ

'အတွေး' လို့ အမည်ပေးထားတဲ့ ကာတွန်းကတော့ ဆရာကာတွန်းစိုးသော်တာရဲ့လက်ရာပါပဲ။လောကဓံကို ခံရပြီး ပြန်လည်နိုးထလာပုံကို ရှင်းရှင်းလင်းလင်း ရေးဆွဲထားခြင်းဖြစ်ပါတယ်။ "ဒီကာတွန်းကို အခုပြပွဲအတွက်သီးသန့်ရေးဆွဲထားတာဖြစ်ပြီး လှူဒါန်းလိုစိတ်နဲ့ ပြပွဲမှာ တင်ပြထားခြင်းဖြစ်ပါတယ်"လို့ ကာတွန်းစိုးသော်တာကပြောပြပါတယ်။

ကရုဏာသက်မိ

ဝါးနီးတွေကို ထရံလိုရက်ထားပြီး အဲဒီအပေါ်မှာ သင်္ဘောဆေးနဲ့ ရေးဆွဲထားတဲ့ **'ငါကွ'** ဆိုတဲ့ကာတွန်းလက်ရာကတော့ အောက်တိုဘာအောင်ကြီးရဲ့ ကာတွန်းပါပဲ။ အမြင့်ကိုရောက်အောင် တက်ရောက်နိုင်သူ တစ်ဦးရဲ့ ကြွေးကြော်မှုကို ဖော်ကျူးထားတာ ဖြစ်ပါတယ်။ "မုန်တိုင်းသင့်ပြည်သူတွေကိုလှူဒါန်းလိုတဲ့စိတ်နဲ့ ရေးဆွဲထားတာ ဖြစ်ပေမယ့် ကိုယ်တိုင်လည်း လေဘေးသင့် ခံခဲ့ရပါတယ်။ ဒါပေမယ့် သူတို့တွေအတွက်ပိုပြီးကရုဏာသက်မိလို့ပါ" လို့ ဒီကာတွန်းလက်ရာရှင် အောက်တိုဘာအောင်ကြီးက ရှင်းပြပါတယ်။

"ကိုယ်တိုင်လည်း လေဘေးသင့် ခံခဲ့ရပါတယ်။ ဒါပေမယ့် သူတို့တွေ အတွက် ပိုပြီး ကရုဏာ သက်မိလို့ပါ" ကာတွန်း အောက်တိုဘာ အောင်ကြီး

ကောလာဟလ

မင်းဦး (ဒဿန)ရဲ့ ကာတွန်းကလည်း အမြင် ရှင်းလှပါတယ်။ နာဂစ်မုန်တိုင်းကို အရွယ်အစားငယ်ငယ်၊ ကောလာဟလမုန်တိုင်းကို အရွယ်အစားကြီးကြီး ရေးဆွဲထားပြီး "ငါက နေရာတိုင်းမှာ အမြဲတမ်းရှိနေတာကွ၊ မင်းလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"လို့ ကောလာဟလမုန်တိုင်းက ပြောနေပုံကို ကာတွန်းရေးဆွဲပြထားတာမို့ ထိထိမိမိရှိတဲ့ ကာတွန်းပါပဲ။

မင်းဦး(ဒဿန)၏ ကာတွန်းကလည်း ထိထိမိမိနှင့် အဓိပ္ပာယ် ရှင်းစွာတွေ့ရသည်။

ဘဝအားမာန်

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ကာတွန်းကတော့ ဧရာဝတီမြစ်အတွင်းမှာ လှေကလေးတစ်စင်းနဲ့ မောင်နှမသုံးဦး လှေလှော်ပြီး "အဖေရော... အမေပါ လေထဲရေထဲ ပါသွားပေမယ့် ဧရာဝတီမြစ်ကြီးရှိနေသမျှ တို့ဘဝ ဘယ်တော့မှမသေဘူးကွ"လို့ ပြောနေတဲ့ပုံဖြစ်ပါတယ်။ ဒီကာတွန်းဟာ ရွှေကိုဦးရဲ့ လက်ရာဖြစ်ပြီး ဘဝအားမာန်တွေကို ဖော်ပြနေတာမို့ ကောင်းမွန်တဲ့ ကာတွန်းပါပဲ။

ထိထိမိမိ

ဒီပြပွဲမှာပြသထားတဲ့ ကာတွန်းကားအားလုံးဟာအတွေးအခေါ်တွေ၊ ရသတွေ၊ ခံစားမှုတွေကို ထိထိမိမိ ဖော်ပြနိုင်တာမို့ အလှူလည်းဖြစ်၊ ဘဝအမှတ်တရတွေ အဖြစ်လည်း သိမ်းဆည်း ဝယ်ယူသင့်တဲ့ ကာတွန်းလက်ရာတွေဖြစ်ပါကြောင်းကွင်းဆင်း လေ့လာရေးသား ဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ဒီပြပွဲမှာ ပြသထားတဲ့ ကာတွန်းကား အားလုံးဟာ အတွေးအခေါ်တွေ၊ ရသတွေ၊ ခံစားမှုတွေကို ထိထိမိမိ ဖော်ပြနိုင်တာမို့ အလှူလည်းဖြစ်၊ ဘဝ အမှတ်တရတွေ အဖြစ်လည်း သိမ်းဆည်း ဝယ်ယူသင့်တဲ့ ကာတွန်း လက်ရာတွေဖြစ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဇူလိုင်၂၃ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာအာမက်အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့်ဇနီး ဒေါ်မိုးမိုးမြင့်တို့အား အမှူးထား၍ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၁)လမ်းရှိ ဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ သာကေတမြို့နယ် ဟသ်ာတအတွင်းပတ္တမြားစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ဝန်ကြီး၏ဇနီးနှင့် ဝန်ထမ်းမိသားစုများက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်မိုးမိုးမြင့်၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ဝေဝေသင်း၊ ရန်ကုန်တိုင်းဦးစီးဌာနမှူးနှင့် ခရိုင်မှူးများ၊ အလှူရှင်များနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ဘဒ္ဒန္တဝိဇယက သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဝန်ထမ်းမိသားစုများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၂

"ဂလိုဘယ်ပညာရေးနှင့်မြန်မာလူငယ်များ"အကြောင်းနှင့်ပတ်သက်၍ တက္ကသိုလ်ဆရာ ဆရာမများ၊ ကုမ္ပဏီဒါရိုက်တာများ၊ ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ မန်နေဂျာများ၊ ပြည်ပတွင် ပညာသင်ယူနေသည့် ကျောင်းသားများ၏ ထင်မြင်သုံးသပ်ချက်များ၊ ကြွက်ငယ်ကလေးတစ်ကောင် ထူးထူးဆန်းဆန်းဘုရားဝတ်ပြုစသည့် သတင်းများပါ ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ (၄)၊ အမှတ် (၂၈) ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင် မြန်မာအစိုးရ-ကုလသမဂ္ဂနှင့် NGO များ စစ်တမ်းကောက်ယူခဲ့သော နာဂစ်ကြောင့် ပျက်စီးခဲ့မှုများ အစီရင်ခံစာထုတ်ပြန်၊ လေဘေးသင့်ဒေသမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးပေးမည့်အစီအစဉ် မြန်မာနိုင်ငံစဥ့်အသင်းနှင့်ပုဂ္ဂလိကဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်မည်၊ မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်ကုန်များထုတ်ရန် ဂျပန်က နည်းပညာများ လက်တွေ့ကွင်းဆင်းကူညီမည်၊ ဝမ်ပုံဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားသည့် သင်္ဘောများကို ဆိပ်ကမ်းအသုံးပြုခဘတ်ငွေအစား ဒေါ်လာဖြင့်ကောက်ခံ၊ မြန်မာမေဖလားဝါးဘဏ်တွင် အပ်ထားသော အပ်နှံငွေများနှင့် ပေးရန်တာဝန်များ အထောက်အထားခိုင်လုံစွာ တင်ပြထုတ်ယူနိုင်ပြီ၊ နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်များ ဆန်းသစ်ထုတ်လွှင့်မှုများကြောင့် ပရိသတ်တိုးလာ၊ ယာဉ်ကြောပိတ်ဆို့မှု လျှော့ကျရေး မြို့လယ်မဟာဗန္ဓုလလမ်းပေါ်ရှိ ဘတ်စ်ကားမှတ်တိုင်များ နေရာခွဲပြောင်းရွှေ့၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ရန်ကုန်မိုး"အကြောင်း စသည့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းရေး အိုလံပစ်ကာလအတွင်း တရုတ်တွင် အလုပ်ချိန်ပြောင်းလဲသတ်မှတ်၊ ကျေးလက်နေပြည်သူများအတွက် တန်ဖိုးနည်းဆိုလာလက်ဆွဲမီးအိမ်လေးများဖြင့် အလင်းပေးရန် စီမံကိန်းတစ်ရပ်စတင် စသည့် စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၇-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၀ ၆။ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ** ကျော်ဇေယျ၊ မေသန်းနု၊ ပန်းဖြူ (ဒါရိုက်တာ-မောင်မောင်ဦး စနိုးပိုက်)
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ အကပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ သီချင်းကြီးပဒေသာ
၄:၄၀ ၅။ မြန်မာစာ မြန်မာစကား
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ တေးဂီတအစီအစဉ်
၅:၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဟော့
၆:၅၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၂၀ ၁၄။ အဆိုပြိုင်ပွဲ
၇:၃၀ ၁၅။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **အချစ်ကို မွေးဖွားခြင်း** ရန်အောင်၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်တင်ဦး)
၂၀။ အစီအစဉ်ပြီး၏။

စီးပွား/ကူးသန်းဝန်ကြီးရုံးနှင့် ကုန်သွယ်ရေးညွန်ကြားမှုဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၀ရက် နံနက်၉နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင် စာသင်တိုက်၌ ကျင်းပရာ အရိယာမဏ္ဍိုင်စာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တသီလာစာရ (ဓမ္မာစရိယ) ထံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၏ဇနီး ဒေါ်အေးအေး၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်မိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး၏ဇနီးကဆရာတော် ဘဒ္ဒန္တသီလာစာရ (ဓမ္မာစရိယ)ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး**(အပေါ်ပုံ)** ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့်ဇနီးတို့က သဒ္ဓမ္မဝါဒီ သုံးထပ်ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ယင်းနောက် အရိယာမဏ္ဍိုင်စာသင်တိုက်မှ တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာလောက(ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)ထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ဇူလိုင်၂၀ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများအား ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

လှူဒါန်း

အလှူရှင်များမှာ မဖူးဖူးကြည်သာ (တတိယနှစ်၊ သစ်တောတက္ကသိုလ်)က ငွေကျပ်တစ်သိန်း၊ မောင်ပီတာရွှေသိန်း၊ မောင်ဇော်ဇော်ဦး၊ မညိုမီထွန်း (တတိယနှစ်၊ သစ်တောတက္ကသိုလ်)က ငွေကျပ်ရှစ်ထောင် ၊ တပ်ကြပ်ကြီးချိုဝင်း(ငြိမ်း)မိသားစု (၃၇)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်းနှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် လှူဒါန်းငွေကျပ် ၅၉၉၃သိန်းတို့ဖြစ်သည်။

ယမန်နေ့က လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၅၉၉၅၀၈၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	မင်္ဂလာရင်မှာထားရင်ဖြင့် တရားတော် အရှင်ဂုဏိန္ဒ(ဆင်ဖြူတောင်ဆရာတော်)
၈း၁၀-၂း၁၀	Industrial Talk [ဦးငွေသိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၄၀-၂း၄၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	စေတနာအရင်းခံ မြန်မာ့တစ်သျှူးဘဏ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	မဟူရာပွင့်ရဲ့ Landscaping
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	အေးမြသောလေညင်းလေးများ [မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျာ၊ ဇူဇူးမောင်၊ ဒါရိုက်တာ အောင်မိုး(ပဲရစ်)]
၁၀း၂၅-၄း၂၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ကြက်သားနှင့် ဘူးသီးကာလသားဟင်း)
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	Midweek Sport News
၁၁း၂၅း ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	Movie Mistakes(TROY)
၁၂း၀၅-၆း၀၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွန့်ညွန့်စိန်)
၁၂း၃၅-၆း၃၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရအမှူးရှိသော သံဃာတော်များအား ဇူလိုင်၁၃ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၃ရပ်ကွက် အေးရိပ်သာလမ်း အမှတ်၁၃၉နေ အလှူဒါယကာ၊ ဒါယိကာမ ဦးကံမြင့်- ဒေါ်တင်တင်ဝင်းမိသားစုတို့က သိမ်တော်ကြီးဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံး Director of Emergency Operations, Mr. Louis-Georges Arsenault လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးကျော်သူအား ယူနီဆက်ဖ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးမှ Director of Emergency Operations ဖြစ်သူ Mr. Louis-Georges Arsenault သည် ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးမှ ကိုယ်စားလှယ် မစ္စတာရာမက်အမ်ရှယက်သာလည်း တက်ရောက်သည်။

(သတင်းစဉ်)

မြင်းခြံမြို့နယ်အသင်း စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၂၂

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ရတနာလမ်းရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြင်းခြံမြို့နယ် အသင်းသူအသင်းသားများနှင့် ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူမြို့နယ်သားများ ဝါဆိုသင်္ကန်းကို သံဃာတော်အရှင်မြတ်များအား သဟဗ္ဗိကဒါန မြောက်အောင် ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ပါရန်နှင့် ဆေးဝါး၊ ဝတ္ထုလှူဖွယ် ပစ္စည်းများကို ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း)ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဒေါ်ခင်မြင့် ဖုန်း- ၅၅၇၅၇၃၊ ဦးထိန်လင်း ဖုန်း- ၆၉၉၇၉၁နှင့် ဦးကြည်မောင် ဖုန်း- ၅၄၈၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

23-7 (07).pmd 1 7/24/2008, 2:41 AM

နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ (၂)

နိုင်မြင့် (တောင်သာ)

(ယမန်နေ့က အဆက်)

မနီလာ။ "ပုဒ်မ ၇ အကြောင်း ဆက်ရှင်းပြပါဦး ဖေဖေ"

ဦးမြင့်။ "ပုဒ်မ ၇ အရ သောက်သုံးရေကို အဆိပ်ခတ်လျှင် ဒါမှမဟုတ် အဆိပ်ဖြစ်စေတတ်တဲ့ အမှုပြုလျှင် ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးများက ပိုင်တဲ့ ဒါမှမဟုတ် အဲဒီအစည်းအရုံးများကို ပေးအပ်ဖို့ ရည်ရွယ်ထားတဲ့ ကိရိယာတန်ဆာပလာကို ဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ အနှောင့်အယှက်ပေးလျှင်၊ ဖျက်ဆီးလျှင် ဒါမှမဟုတ် အခွင့်မရဘဲ တခြားနေရာကို ရွှေ့ပြောင်းလျှင် ဒီလူကို ထောင်ဒဏ် ခုနစ်နှစ်အထိ ဖြစ်ဖြစ်၊ ငွေဒဏ်ဖြစ်ဖြစ် ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ပုဒ်မ ၈ ကတော့ ဒီဥပဒေနဲ့ အရင်ကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဟောင်းဖြစ်တဲ့ ၁၉၄၈ခုနှစ်၊အရေးပေါ်စီမံမှု တစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်။ ကဲ-ဒီလောက်ဆို နိုင်ငံရေးပုဒ်မတွေပါတယ်လို့ ပြောဆိုနေတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို အသေးစိတ် သမီး လေ့လာပြီးသွားပြီ၊ ဘယ်မှာ နိုင်ငံရေးပုဒ်မ ပါလို့လဲ။ နိုင်ငံရေးပြစ်မှုဆိုတာနဲ့ရော၊ နိုင်ငံရေးအကျဉ်းသားဆိုတာနဲ့ပါ ဘာမှ မဆိုင်ဘူးဆိုတာ သိလောက်ပါပြီ"

မနီလာ။ "ဟုတ်ပါရဲ့ ဖေဖေ၊ ဒီဥပဒေတစ်ခုလုံးက ပြဋ္ဌာန်းချက်အားလုံးကို လေ့လာကြည့်လိုက်တော့လည်း ဘယ်မှာမှ နိုင်ငံရေးပြစ်မှုနဲ့ရော၊ နိုင်ငံရေးအကျဉ်းသားနဲ့ရော ဆိုင်တဲ့ပြဋ္ဌာန်းချက်တစ်ခုတောင် မပါဘူးနော်။ အများပြည်သူရဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး စတဲ့ ပြည်သူ့ရေးရာကိစ္စတွေနဲ့ပတ်သက်တဲ့ အချက်တွေပါတာ တွေ့ရတယ်။ နောက်ပြီး အကြမ်းဖက်မှုတွေလဲ တွေ့ရတယ်။ ဒါဆိုရင် ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေကို အရေးယူတဲ့ ဥပဒေမဟုတ်ဘူးပေါ့ ဖေဖေ"

ဦးမြင့်။ "ဒါပဲပေါ့ သမီး၊ ခုဆို သမီး ရှင်းသွားပြီ။ ဒီဥပဒေဟာ အများပြည်သူ လုံခြုံရေး၊ အုပ်ချုပ်ရေးနဲ့သက်ဆိုင်တဲ့ ဥပဒေဖြစ်တယ်ဆိုတာ သိသွားပြီပဲ။ **ဥပဒေတစ်ခုကို လေ့လာရာမှာ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက် စာသားတွေကိုသာမက ဥပဒေရဲ့ ရည်ရွယ်ချက်အနှစ်သာရကိုပါ သိအောင် လေ့လာဖို့လိုတယ်**"

မနီလာ။ "တချို့ကတော့ ရာဇသတ်ကြီးလို့ခေါ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေမှာ နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တချို့ ရှိတယ်လို့ ပြောကြတယ်။ သမီး လေ့လာကြည့်တော့လဲ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၂၉နဲ့ ပုဒ်မ ၁၃၀ တွေမှာ နိုင်ငံရေးအကျဉ်းသားနဲ့ ပတ်သက်ပြီး ပြဋ္ဌာန်းချက်တချို့တွေ့ရတယ် ဖေဖေ။ ဒီလိုဆိုရင် မြန်မာနိုင်ငံဥပဒေတစ်ခုဖြစ်တဲ့ ရာဇသတ်ကြီးမှာ နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက် ပါနေပြီပေါ့နော်"

ဦးမြင့်။ "ဒီမေးခွန်းကို မဖြေခင် သမီးကို တန်ပြန်မေးခွန်း ဖေဖေမေးချင်တယ်၊ ကဲ-သမီးက ရာဇသတ်ကြီးကို ဘယ်ဘာသာနဲ့ ရေးထားတဲ့စာအုပ်ကို လေ့လာသလဲ ပြောပါဦး"

ဦးမြင့်က ဒီခေတ်လူငယ်တွေရဲ့အကြောင်းကို သိနေသည်။ ဥပဒေကို ဝါသနာပါလို့ လူငယ်တွေ လေ့လာကြသော်လည်း အင်္ဂလိပ်ဘာသာဖြင့် စတင်ပြဋ္ဌာန်းခဲ့ကြသည့် ဥပဒေများတွင် ဥပဒေ၏ မူရင်းပြဋ္ဌာန်းချက်ဖြစ်သည့်အင်္ဂလိပ်ဘာသာစာမူကို လေ့လာမှုနည်းပါးပြီး မြန်မာဘာသာပြန်စာမူများကိုသာ လူငယ်များ လေ့လာလေ့ရှိသည်ကို ဦးမြင့် သိနေသည်။ ဒါကြောင့်လည်း ရာဇသတ်ကြီးကို မနီလာ လေ့လာသည်ဆိုရာမှာ ဒီဥပဒေရဲ့ မူရင်းစာမူဖြစ်သည့် အင်္ဂလိပ်စာမူကို လေ့လာသည် သို့မဟုတ် မြန်မာဘာသာပြန် စာမူကိုသာ လေ့လာသည်ကို သိလို၍ မေးလိုက်ခြင်းဖြစ်သည်။

မနီလာ။ "ရာဇသတ်ကြီး မြန်မာဘာသာပြန်စာအုပ်ကို လေ့လာတာပေါ့ ဖေဖေ။ ဘာဖြစ်လို့လဲဟင်"

ဦးမြင့်။ "ဘာမှမဖြစ်ပါဘူး သမီး။ ဒါ့ကြောင့်လည်း အမှတ်မှားနေကြတာပေါ့။ တကယ်တော့ 'ရာဇသတ်ကြီး' ဒါမှမဟုတ် 'ပြစ်မှုဆိုင်ရာဥပဒေ'လို့ခေါ်တဲ့ 'The Penal Code' မူရင်းကို အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တာပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၈၆၀ပြည့်နှစ် အိန္ဒိယနိုင်ငံ ဥပဒေအမှတ် ၄၅အဖြစ် ပြဋ္ဌာန်းခဲ့တာပါ။ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အခါမှာ '၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဥပဒေများ ဆက်ခံကျင့်သုံးခြင်း)အမိန့်' ဆက်ခံကျင့်သုံးခဲ့တာပါ။ ဒီလို ဆက်လက်ကျင့်သုံးခဲ့ရာမှာလည်း ဒီဥပဒေရဲ့ တချို့ပုဒ်မတွေ၊ ပြဋ္ဌာန်းချက်တွေကို ဆက်မယူဘဲ ချန်ပစ်ခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်အခြေအနေနဲ့ ဆီလျော်သလောက်ကိုသာ ယူခဲ့တာပါ။ ဒီဥပဒေကို မူရင်း အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တာကြောင့် ဒီဥပဒေကို လေ့လာတဲ့အခါမှာ မူရင်းကိုလေ့လာဖို့ လိုအပ်ပါတယ်။ ဘာသာပြန်ဆိုတာက အဖွဲ့အစည်းတစ်ခုက ဘာသာပြန်တာပဲ ဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဘာသာပြန်တာပဲ ဖြစ်ဖြစ်၊ ဘာသာပြန်ဆိုတာ ဘယ်လောက်ပဲကောင်းကောင်း ဘာသာပြန်ဆိုချက်ဟာ ဘာသာပြန်ဆိုချက်ပါပဲ။ ဘယ်လိုမှ မူရင်းဖြစ်မလာပါဘူး။ လူငယ်အများ အမှတ်မှားနေကြတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၈၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၀ တွေမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက်ပါနေတယ်ဆိုတာဟာ ဒီဘာသာပြန်ချို့ယွင်းချက်သာဖြစ်ပါတယ်။ ကဲ-မူရင်းဥပဒေဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ ပြဋ္ဌာန်းချက်နဲ့ မြန်မာဘာသာပြန်ဆိုချက်တွေကို နှိုင်းယှဉ်ကြည့်ရအောင်။

အင်္ဂလိပ်ဘာသာ မူရင်းပြဋ္ဌာန်းချက်မှာ-

Public Servant voluntarily allowing prinsoner of State or war to escape.

128. Whoever, being a public servant and having the custody of any State prisoner or prisoner of war, voluntarily allows such prisoner to escape from any place in which such prisoner is confined, shall be punished with transportation for life, or imprisonment of either description for a term which may extend to ten years, and shall also be liable to fine.

ရာဇသတ်ကြီးစာအုပ်မှာပါတဲ့ မြန်မာဘာသာပြန်ဆိုချက်ကတော့-

နိုင်ငံရေးအကျဉ်းသားကို၊ သို့တည်းမဟုတ် စစ်သုံ့ပန်းကို ပြည်သူ့ဝန်ထမ်းက မိမိအလိုအလျောက် လွှတ်ပြေးစေခြင်း။

၁၂၈။ မည်သူမဆို၊ ပြည်သူ့ဝန်ထမ်း ဖြစ်သည့်အလျောက် နိုင်ငံရေးအကျဉ်းသားကို ဖြစ်စေ၊ စစ်သုံ့ပန်းကို ဖြစ်စေ ထိန်းသိမ်းထားရသည်တွင် ထိုအကျဉ်းသားကို သို့တည်းမဟုတ် ထိုစစ်သုံ့ပန်းကို အကျဉ်းထားရာနေရာမှ လွှတ်ပြေးစေရန် မိမိအလိုအလျောက်ခွင့်ပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဒီမူရင်းအင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်နဲ့ မြန်မာဘာသာပြန်ဆိုချက်တို့မှာ **'State Prisoner' ဆိုတဲ့ စကားရပ်ကို 'နိုင်ငံရေးအကျဉ်းသား'လို့ မှားယွင်း ဘာသာပြန်ဆိုခဲ့မိရာက စပြီး ရာဇသတ်ကြီးမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက်ပါတယ်လို့ လွဲမှားမှတ်သားမိသွားကြတာ ဖြစ်ပါတယ်။ တကယ်တော့ 'State Prisoner'ဆိုတာ မြန်မာလို 'နိုင်ငံတော်၏အကျဉ်းသား' သို့မဟုတ် 'နိုင်ငံတော်အကျဉ်းသား'ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားလို့ ဆိုလိုချင်ရင် 'Political Prisoner'လို့သာ ပြဋ္ဌာန်းရမှာပေါ့။** သာဓကတစ်ခုအနေနဲ့ ပြောရရင် တောင်စွန်းအကျဉ်းဦးစီးတပ်ဖွဲ့ ရန်ပုံငွေအဖွဲ့က ဖြန့်ချိခဲ့တဲ့ 'မြန်မာနိုင်ငံတော် အကျဉ်းထောင်လက်စွဲ၊ မြန်မာဘာသာပြန်၊ အပိုင်း(၁)'စာအုပ်မှာ 'State Prisoner'ကို နိုင်ငံရေးအကျဉ်းသားလို့ မပြန်ဆိုပါဘူး။ နိုင်ငံတော်အကျဉ်းသားလို့ပဲ ပြန်ဆိုခဲ့ပါတယ်။ တကယ်တော့ ရာဇသတ်ကြီးကို မြန်မာဘာသာပြန်ဆိုခဲ့တဲ့ မြန်မာဘာသာပြန် ဥပဒေကော်မတီကိုလည်း အပြစ်ဆိုလို့မရပါဘူး။ဒီရာဇသတ်ကြီး မြန်မာဘာသာပြန်ဆိုချက် စာအုပ်အမှာစာမှာ ဖော်ပြရာမှာ "ဤသို့ဥပဒေများကို မြန်မာဘာသာပြန်ဆိုခဲ့သည့်ကိစ္စ၌ ကော်မတီသည် မည်မျှပင် အစွမ်းကုန်ကြိုးစားဆောင်ရွက် ဖန်တီးစေကာမူ လုံးဝအဆင်ပြေမှုကို ရရှိလိမ့်မည်ဟု ကော်မတီက မယူဆပါ။ မည်သို့ပင်ဖြစ်စေကာမူ ဥပဒေများကို ဘာသာပြန်ဆိုခြင်း ပြဋ္ဌာန်းခြင်းတစ်ခုခုကို ကနဦးတွင် မည်သို့ပင် ကျနသေချာစွာ ပြုလုပ်ထားသော်လည်း နောက်နောင်တွင် ထပ်မံပြင်ဆင်ရမြဲဖြစ်သည်ကို ဥပဒေ လေ့လာလိုက်စားသူတိုင်း သိနားလည်ပြီးဖြစ်သောကြောင့် ရာဇသတ်ကြီး မြန်မာဘာသာပြန်ဆိုချက်ကိုလည်း ဤသို့ပင် သိနားလည်ကြလိမ့်မည်ဟု ကော်မတီက မျှော်လင့်ပါကြောင်း"ဆိုပြီး ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် 'State Prisoner'ဆိုတဲ့ စကားရပ်ကို 'နိုင်ငံရေးအကျဉ်းသား'လို့ မြန်မာဘာသာပြန်ဆိုတာ မမှန်သလို မူရင်း အင်္ဂလိပ်ဘာသာ ပြဋ္ဌာန်းချက်များကို မလေ့လာတာလည်း မှားယွင်းတယ်လို့ ဆိုရပါမယ်။

မြန်မာနိုင်ငံ ရာဇသတ်ကြီးဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အချိန်မှာ အိန္ဒိယနိုင်ငံ ရာဇသတ်ကြီး (The Indian Penal Code)ကို ဆက်ဆံကျင့်သုံးခဲ့တာမို့ အိန္ဒိယနိုင်ငံ ရာဇသတ်ကြီးပုဒ်မ ၁၂၈၊ ၁၂၉နှင့် ၁၃၀ တို့မှာပါတဲ့ နိုင်ငံတော်အကျဉ်းသား (State prisoner) ရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို လေ့လာကြည့်လိုက်ပါ။ နိုင်ငံတော်အကျဉ်းသား (State prisoner) ဆိုတာ 'နိုင်ငံတော်အကျဉ်းသားများ' ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners) ပါ ပြဋ္ဌာန်းချက်များအရ အိန္ဒိယနိုင်ငံအစိုးရနှင့် နိုင်ငံခြား အစိုးရများအကြားတည်ရှိသည့် မဟာမိတ်ဖြစ်မှု တည်တံ့ခိုင်မာစေရေး၊ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်ရေး၊ အိန္ဒိယနိုင်ငံအား ပြည်ပရန်ပြုခြင်းမှ လုံခြုံစေရေးတို့အပြင် ပြည်တွင်းနှောင့်ယှက်မှုများပါဝင်သည့် နိုင်ငံတော်ရေးရာအကြောင်းများကြောင့် ဖမ်းဆီးထားခြင်း ခံရသူများဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံခြားသားများကိုသာမက အိန္ဒိယနိုင်ငံသားများကိုလည်း အထက်ပါစည်းမျဉ်းဥပဒေများအရ ဖမ်းဆီးအရေးယူနိုင်ပါတယ်။ ဒီလို ဖမ်းဆီးချုပ်နှောင်ခံရသူအားလုံးဟာ "နိုင်ငံတော်အကျဉ်းသား (State prisoner)များဖြစ်ကြပြီး သူတို့တွေကို ဘယ်ခံတပ်၊ အချုပ်၊ အကျဉ်းထောင်မှာမဆို ချုပ်နှောင်ထားနိုင်တယ်"လို့ အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထားပါတယ်။ ဒီအချက်တွေကိုကြည့်ရင် နိုင်ငံတော်အရေးကိစ္စများကြောင့် ဖမ်းဆီးချုပ်နှောင်တာသာဖြစ်ပြီး နိုင်ငံရေးအယူဝါဒကြောင့် မဟုတ်ဘူးဆိုတာ တွေ့ကြရပါမယ်။ State prisoner ဆိုတဲ့ စကားရပ်ကို The Law of Crimes မှာ သေချာ ရှင်းထားပါတယ်။ အဲ့ဒါကို သမီး ဆက်လေ့လာပါ။ State prisoner ဆိုတာ Political prisoner နဲ့ လုံးဝမတူညီ ကွဲပြားတာကို သမီး တွေ့ရပါလိမ့်မယ်"

မနီလာ။ "ဖေဖေ ရှင်းပြမှပဲ အရေးကြီးတဲ့ ဝေါဟာရတစ်ခုကို မြန်မာဘာသာပြန်တာ လွဲမှားသွားတာကအစ မရှင်းမရှင်း ပြောစရာတွေဖြစ်လာတာ သိရတော့တယ်။ ဥပဒေတစ်ခုကို လေ့လာရင် မူရင်းပြဋ္ဌာန်းချက်တွေကို မဖြစ်မနေလေ့လာဖို့ လိုအပ်တယ်ဆိုတာ သမီးကောင်းကောင်း မှတ်သားလိုက်ပါပြီ။ ဒါနဲ့ ဖေဖေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က အကြောင်းကိုလည်း တစ်ဆက်တည်းရှင်းပြပေးပါဦး။ အစိုးရကို အကြည်ညိုပျက်အောင်လုပ်လို့ ဒီပုဒ်မနဲ့ အရေးယူတဲ့ အမှုတွေကိုလည်း နိုင်ငံရေးပြစ်မှုတွေလို့ တချို့က ပြောကြလို့ပါ"

ဦးမြင့်။ "ကဲ-ဒီလိုဆို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က ရဲ့ ပြဋ္ဌာန်းချက်တွေကို ဖတ်ကြည့်ရအောင်။ ဒီပုဒ်မရဲ့ ပြဋ္ဌာန်းချက်တွေကတော့-

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအတွက် သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသောအစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော် လည်းကောင်း ပြုလျှင်၊ သို့မဟုတ် ထိုသို့ပြုရန် အားထုတ်လျှင်၊ သို့မဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်လျှင်၊ သို့မဟုတ် ထိုသို့လှုံ့ဆော်ရန် အားထုတ်လျှင် ထိုသူကို ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ်အောက် လျော့သည့် တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ငွေဒဏ်နှင့်အတူ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

ရှင်းလင်းချက် ၁။ ။မေတ္တာပျက်စေခြင်းဆိုသည့် စကားရပ်တွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသောစိတ်လည်း ပါဝင်သည်။

ရှင်းလင်းချက် ၂။ ။မုန်းထားအောင်သော် လည်းကောင်း၊ မလေးစားအောင်သော် လည်းကောင်း၊ မေတ္တာပျက်အောင်သော် လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် လှုံ့ဆော်ရန် အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ ဆောင်ရွက်မှု အစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

ရှင်းလင်းချက် ၃။ ။မုန်းထားအောင်သော် လည်းကောင်း၊ မလေးစားအောင်သော် လည်းကောင်း၊ မေတ္တာပျက်အောင်သော် လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို သို့မဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်"လို့ ပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုဆိုင်ရာ ပုဒ်မ ၁၂၄-က ပါ ဘယ် ပြဋ္ဌာန်းချက်မှာမှ နိုင်ငံရေးအယူအဆမတူလို့ အရေးယူနိုင်တယ်ဆိုတာ မပါပါဘူး။ ဘယ်နိုင်ငံအစိုးရကမှလည်း ဖျက်လိုဖျက်ဆီးသဘောနဲ့ အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်တာတွေကို လက်ခံခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။

ဒီပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က အရ အရေးယူတဲ့ အမှုတွေကိုကြည့်ရင် အစိုးရကို မုန်းထားအောင်သော် လည်းကောင်း၊မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ပြုလုပ်တဲ့နေရာမှာ လှုံ့ဆော်တာရှိတယ်။ လှုံ့ဆော်ရန် အားထုတ်ခြင်းရှိတယ်၊ လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်း ရှိတယ်။ ဒါတွေအပြင် စာရွက်စာတမ်းတွေကို ခွင့်ပြုချက်မရှိဘဲ ပုံနှိပ်တာတွေ၊ ဖြန့်ဝေတာတွေ ရှိတယ်။ ခွင့်ပြုချက်မရှိဘဲ ဗီဒီယိုတိပ်ခွေတွေသွင်းပြီး ဖြန့်ဝေတာတွေ၊ လူစုလူဝေးနဲ့ ဟောပြောတာတွေ ဒါတွေကိုကြည့်ရုံနဲ့ လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန် အားထုတ်ခြင်း၊ လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်း စတဲ့ ပြစ်မှုပါ သတ်မှတ်ထားတဲ့ အင်္ဂါရပ်တွေနဲ့ကိုက်ညီလို့ အရေးယူတာပဲ၊ ပြစ်မှုကျူးလွန်ခြင်းမြောက်လို့ အရေးယူခြင်း၊ အပြစ်ပေးခြင်း ပြုတာပဲ။

ဒီအချက်တွေကိုကြည့်ရင် ပြစ်မှုဆိုင်ရာဥပဒေမှာ ပုဒ်မ ၁၂၄-က ကို အရေးယူတာဟာ နိုင်ငံရေးပြစ်မှုကို ကျူးလွန်လို့ အရေးယူတာမဟုတ်ဘဲ ပြစ်မှုကိုကျူးလွန်လို့ အရေးယူတာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် **ပြစ်မှုဆိုင်ရာဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များအခန်းကို ကြည့်ရင်လည်း နိုင်ငံရေးပြစ်မှုဆိုပြီး အဓိပ္ပာယ်ဖွင့် ရှင်းလင်းထားတာ လုံးဝ မပါရှိပါဘူး။ ပြစ်မှုကြောင်း သက်သက်တွေသာ ပြဋ္ဌာန်းထားတာပါ။ ပြစ်မှုမြောက်တဲ့ တားမြစ်ချက်တွေကို ချိုးဖောက်လို့ ပြစ်မှုကျူးလွန်သူအဖြစ်သာ အရေးယူတာ တွေ့ရပါမယ်**"

မနီလာ။ "ခုလို ကျယ်ကျယ်ပြန့်ပြန့်သိလိုက်ရလို့ ဒီနေ့ သမီး အများကြီး ဗဟုသုတ ရသွားပြီ။ ဒါနဲ့ ဖေဖေ၊ အကျဉ်းထောင်တွေမှာရော

နိုင်ငံရေးအကျဉ်းသား၊ ရိုးရိုးအကျ
အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲ

ဦးမြင့်။ **"ဒီလိုနိုင်ငံရေးအကျဉ်းသားဆိုပြီး မြ
တာ မရှိပါဘူး။ ဒီအကြောင်းတွေ သိ
တွေကို လေ့လာဖို့ လိုပါမယ်။ အကျ
တာနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားရမှာ
(၁) အမျိုးသမီး အကျဉ်းသားတွေကို
ခွဲခြားထားရမယ်။
(၂) အသက် ၂၁ နှစ်အောက် အကျ
ခွဲခြားထားရမယ်။
(၃) အသက် ၂၁ အောက် ယောကျ်
လူပျိုဖော်မဝင်သေးတဲ့ သူတွေ
(၄) အကျဉ်းကျသူတွေနဲ့ အကျဉ်းမ
(၅) တရားမ အကျဉ်းသားတွေကို
ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းသား
အသေးစိတ်ကိုတော့ မြန်မာနိုင်ငံအက**

ပြစ်ဒဏ်ကျ အကျဉ်းသားတွေ
ထားရှိကြောင်း အကျဉ်းထောင်လက်
အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်
အတန်းအစားတွေကို ခွဲခြားသတ်မှ
prisoner)ဆိုပြီး ခွဲခြားသတ်မှတ်ထ
တွေမှာ နိုင်ငံရေးပြစ်မှုဆိုတာ မရှိဘူး၊
စေတာပါပဲ။

နိုင်ငံတော်အကျဉ်းသား (Sta
၇၄၃(၁)မှာ ဘယ်သူမဆို ၁၈၁၈ခုနှစ်
ထားရန်အတွက် အကျဉ်းထောင်တစ်
ရေးမှူးချုပ်ထံကို အစိုးရက အကြောင်
နိုင်ငံတော်အကျဉ်းသား(State prison
မှတ်ပုံတင်စာအုပ်မှာ အမှတ်စဉ်မတပ်
အကျဉ်းသား (State prisoner)
တရားမဆောင် ဒါမှမဟုတ် အချုပ်ဆေ
ရာဇဝတ်အကျဉ်းသားတွေနဲ့ ဆက်သွ
ရဘူးလို့ ဆိုပါတယ်။ အပိုဒ် ၇၅၁ မှာ
အတွက် အပ်နှံခြင်းခံရတဲ့ အရာရှိပ
အစိုးရထံကို နိုင်ငံတော် အကျဉ်းသား
ရှိမှုတို့ကို ဖော်ပြပြီး သူ့ကို ချုပ်နှော
ပြောင်းလဲစေဖို့အတွက် စဉ်းစားဆုံးဖြ
ပါတယ်။ အပိုဒ် ၇၅၄ မှာ နိုင်ငံတော
တခြားအကျဉ်းထောင်တစ်ခုကို ပြော
ဖယ်ရှားခြင်းပြုဖို့ အမိန့်များကို ၁၈၅၈ခု
ပါတယ်။ အကျဉ်းထောင် အက်ဥပဒေ
ကို အရေးယူတဲ့အကြောင်းများသာ
အရေးယူခြင်းမရှိတာ တွေ့ရပါမယ်၊

ခြုံပြီး ပြောရရင်တော့ **မြန်မာ
သတ်မှတ်ထားခြင်းမရှိသလို ဘယ်သ
နိုင်ငံရေးအကျဉ်းသား(Political pri
မရှိပါဘူး။နိုင်ငံတော်အကျဉ်းသား(Sta
မတူဘူးဆိုတာကို ခွဲခြားမှတ်သားဖို့**
နိုင်ငံတော် အကျဉ်းသားများချုပ်နှေ
Confinement of State Prisone
အတွက် အကျဉ်းထောင်ထဲမှာ နိုင်ငံ
ပေါ့ သမီး"

**ပြစ်မှုဆိုင်ရာဥ
ဖြစ်တဲ့ အရပ်ရပ်ဆိုင်
ကို ကြည့်ရင်လည်း နိ
ဖွင့် ရှင်းလင်းထားတာ
ကြောင်း သက်သက်
ပြစ်မှုမြောက်တဲ့ တား
ပြစ်မှုကျူးလွန်သူအ
ပါမယ်။**

နိုင်ငံရေးအကျဉ်းသား၊ ရိုးရိုးအကျဉ်းသားဆိုပြီး ခွဲခြားဆက်ဆံတာတွေများရော အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတို့မှာ ပြဋ္ဌာန်းထားတာရှိသလား ဖေဖေ''

ဦးမြင့်။ **''ဒီလိုနိုင်ငံရေးအကျဉ်းသားဆိုပြီး မြန်မာနိုင်ငံအကျဉ်းထောင်တွေမှာ ခွဲခြားထားရှိတာ၊ ခွဲခြားဆက်ဆံတာ မရှိပါဘူး။ ဒီအကြောင်းတွေ သိချင်ရင်တော့ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတွေကို လေ့လာဖို့ လိုပါမယ်။ အကျဉ်းထောင်အက်ဥပဒေပုဒ်မ ၂၇ မှာ အကျဉ်းသားတွေကို ခွဲခြားတာနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားရာမှာ-**

(၁) အမျိုးသမီး အကျဉ်းသားတွေကို အမျိုးသား အကျဉ်းသားတွေနဲ့ မမြင်မတွေ့ဖို့ သီးခြား သီးသန့်ခွဲခြားထားရမယ်။

(၂) အသက် ၂၁နှစ်အောက် အကျဉ်းသားတွေကို သူတို့ထက်အသက်ကြီးတဲ့ အကျဉ်းသားတွေနဲ့ ခွဲခြားထားရမယ်။

(၃) အသက် ၂၁အောက် ယောကျ်ားအကျဉ်းသားတွေထဲမှာ လူပျိုဖော်ဝင်စ အရွယ်တွေကို ကျန်လူပျိုဖော်မဝင်သေးတဲ့ သူတွေနဲ့ သီးခြားထားရမယ်။

(၄) အကျဉ်းကျသူတွေနဲ့ အကျဉ်းမကျသေးတဲ့ အချုပ်သားတွေကို ခွဲခြားထားရမယ်။

(၅) တရားမ အကျဉ်းသားတွေကို ရာဇဝတ်အကျဉ်းသားတွေနဲ့ ခွဲခြားထားရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းသားတွေကို အကျဉ်းထောင်တွေမှာ ဘယ်လိုခွဲခြားထားရမယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မြန်မာနိုင်ငံအကျဉ်းထောင်လက်စွဲ အပိုဒ် ၄၁၅ မှာ ပါရှိပါတယ်။

ပြစ်ဒဏ်ကျ အကျဉ်းသားတွေကိုလည်း အေ၊ ဘီနဲ့ စီဆိုပြီး အတန်းအစား သုံးမျိုးခွဲခြားထားရှိကြောင်း အကျဉ်းထောင်လက်စွဲ အပိုဒ် ၆၆၅၊ ၆၆၇နဲ့ ၆၆၈ တွေမှာ ဖော်ပြထားပါတယ်။ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတွေမှာ အကျဉ်းသားအမျိုးအစား၊ အကျဉ်းသားအတန်းအစားတွေကို ခွဲခြားသတ်မှတ် ပြဋ္ဌာန်းထားပေမယ့် နိုင်ငံရေးအကျဉ်းသား (Political prisoner)ဆိုပြီး ခွဲခြားသတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်မရှိပါဘူး။ ဒီအချက်ဟာ မြန်မာနိုင်ငံ ဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာ မရှိဘူး။ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိဘူးဆိုတာ ပိုမိုထင်ရှားမြင်သာစေတာပါပဲ။

နိုင်ငံတော်အကျဉ်းသား (State prisoner)တွေနဲ့စပ်လျဉ်းပြီး အကျဉ်းထောင်လက်စွဲ အပိုဒ် ၇၄၃(၁)မှာ ဘယ်သူမဆို ၁၈၁၈ခုနှစ် ကြေညာချက်အမှတ်(၃) ပြဋ္ဌာန်းချက်များအရ လုံခြုံစွာထိန်းသိမ်းထားရန်အတွက် အကျဉ်းထောင်တစ်ခုခုတွင် ထားရှိလျှင် ယင်းအကြောင်းကိစ္စအတွက် စစ်ဆေးရေးမှူးချုပ်ထံကို အစိုးရက အကြောင်းကြား အသိပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၇၄၅မှာ နိုင်ငံတော်အကျဉ်းသား(State prisoner) နဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို တရားမအကျဉ်းသားမှတ်ပုံတင်စာအုပ်မှာ အမှတ်စဉ်မတပ်ဘဲ ရေးသွင်းရမယ်လို့ ဆိုပါတယ်။ အပိုဒ် ၇၄၇မှာ နိုင်ငံတော်အကျဉ်းသား (State prisoner)တွေကို အထူးထားရှိဖို့အတွက် နေရာထိုင်ခင်း မရရှိနိုင်လျှင် တရားမဆောင် ဒါမှမဟုတ် အချုပ်ဆောင်မှာ ချုပ်နှောင်ထားရမယ်။ ဒါပေမယ့် ဘယ်လိုအခြေအနေမှာမှ ရာဇဝတ်အကျဉ်းသားတွေနဲ့ ဆက်သွယ်ခြင်း ဒါမှမဟုတ် အပေါင်းအသင်းပြုလုပ်ခြင်းကို ခွင့်မပြုရဘူးလို့ ဆိုပါတယ်။ အပိုဒ် ၇၅၁ မှာ နိုင်ငံတော် အကျဉ်းသား (State prisoner)တွေကို ထိန်းသိမ်းဖို့အတွက် အပ်နှံခြင်းခံရတဲ့ အရာရှိဟာ နှစ်စဉ်ဇန်နဝါရီလ(၁)ရက်နေ့နဲ့ ဇူလိုင်လ(၁)ရက်နေ့တို့မှာ အစိုးရထံကို နိုင်ငံတော် အကျဉ်းသားရဲ့ ပြုမူနေထိုင်ပုံ၊ စာရိတ္တ၊ ကျန်းမာရေးနဲ့ သက်သောင့်သက်သာရှိမှုတို့ကို ဖော်ပြပြီး သူ့ကို ချုပ်နှောင်ထားခြင်းကို ဆက်လက်အတည်ဖြစ်စေဖို့ ဒါမှမဟုတ် ပြုပြင်ပြောင်းလဲစေဖို့အတွက် စဉ်းစားဆုံးဖြတ်နိုင်ရန် အစိုးရထံကို တင်သွင်းအစီရင်ခံရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၇၅၄ မှာ နိုင်ငံတော်အကျဉ်းသား (State prisoner)ကို အကျဉ်းထောင်တစ်ခုမှ တခြားအကျဉ်းထောင်တစ်ခုကို ပြောင်းရွှေ့ဖို့ ဒါမှမဟုတ် သူ့ကိုချုပ်နှောင်ထားတဲ့ အကျဉ်းထောင်မှ ဖယ်ရှားခြင်းပြုဖို့ အမိန့်များကို ၁၈၅၈ခုနှစ် အက်ဥပဒေ အမှတ်(၃)ဖြင့် ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းထောင် အက်ဥပဒေပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အကျဉ်းသား(State prisoner)ကို အရေးယူတဲ့အကြောင်းများသာ ပါရှိပြီး နိုင်ငံရေးအကျဉ်းသား (Political prisoner)ဆိုပြီး အရေးယူခြင်းမရှိတာ တွေ့ရပါမယ်။

ခြုံပြီး ပြောရရင်တော့ **မြန်မာနိုင်ငံ ဥပဒေတွေမှာ နိုင်ငံရေး ပြစ်မှုဆိုတာကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိသလို ဘယ်သူ့ကိုမှလည်း နိုင်ငံရေးပြစ်မှုနဲ့ အရေးယူတာ မရှိပါဘူး။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသား(Political prisoner)ဆိုပြီးလည်း မြန်မာနိုင်ငံအကျဉ်းထောင်တွေမှာ ထားတာမရှိပါဘူး။နိုင်ငံတော်အကျဉ်းသား(State prisoner)နဲ့နိုင်ငံရေးအကျဉ်းသား(Political prisoner) မတူဘူးဆိုတာကို ခွဲခြားမှတ်သားဖို့ လိုပါတယ်။** ဒီကနေ့ ဖေဖေတို့နိုင်ငံမှာ စောစောက ပြောခဲ့တဲ့ နိုင်ငံတော် အကျဉ်းသားများချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners)ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းလည်း မရှိတော့တဲ့အတွက် အကျဉ်းထောင်ထဲမှာ နိုင်ငံတော်အကျဉ်းသား (State prisoner) ဆိုတာလဲ မရှိတော့ဘူး ပေါ့ သမီး''

(ဆက်လက်ဖော်ပြပါမည်)

ပြစ်မှုဆိုင်ရာဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များအခန်းကို ကြည့်ရင်လည်း နိုင်ငံရေးပြစ်မှုဆိုပြီး အဓိပ္ပာယ်ဖွင့် ရှင်းလင်းထားတာ လုံးဝ မပါရှိပါဘူး။ ပြစ်မှုကြောင်း သက်သက်တွေသာ ပြဋ္ဌာန်းထားတာပါ။ ပြစ်မှုမြောက်တဲ့ တားမြစ်ချက်တွေကို ချိုးဖောက်လို့ ပြစ်မှုကျူးလွန်သူအဖြစ်သာ အရေးယူတာ တွေ့ရပါမယ်။

ဆွမ်းလောင်းလှူ

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃဒါန ဆွမ်းလောင်းအသင်းက ကြီးမှူး၍ အကြိမ်(၂၀)မြောက် ကျောင်းတိုက်ကြီး ၁၇တိုက်မှ သံဃာတော်အပါး ၁၀၀၀နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့အား ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၂၁ရက် (တနင်္လာနေ့) နံနက်က ဆွမ်း၊ ဆွမ်းဟင်းများနှင့်ဆွမ်းဆန်တော်များကို စေတနာရှင်၊ အလှူရှင်များနှင့်မတည်အလှူရှင်များ စုပေါင်းလောင်းလှူကြစဉ်။ (က-ပ)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လူမှုရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် လှိုင်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တတိယထပ် (Function Hall)၌ ကျင်းပမည်ဖြစ်သည်။

ကုသိုလ် ပါဝင်လှူဒါန်းလိုသူများ အသင်းရုံးခန်းသို့ ပေးပို့ လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇီဝမြေသြဇာ၏အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များဆိုင်ရာ နည်းပညာဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

စိုက်ပျိုးရေးကဏ္ဍ၌ ဇီဝမြေသြဇာ၏ အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များဆိုင်ရာ နည်းပညာ ဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၂၆ရက်တွင် UMFCCI အသင်းခန်းမ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည် ဖြစ်သည်။ UMFCCI ဦးဆောင်မှုနှင့် Supreme Group of Companies တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး နာယကအဖြစ် ဦးတင်ထွဋ်ဦး (ညွှန်ကြားရေးမှူးချုပ်) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနက ဦးဆောင်၍ သဘာပတိအဖြစ် ဦးဝင်းမြင့် (ဥက္ကဋ္ဌ) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဒေါက်တာကြည်မြင့် (မန်နေဂျာ) မြေအသုံးချရေးဌာနခွဲ (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဒေါက်တာစိန်မြင့် (ဥက္ကဋ္ဌ) စူပရင်းကုမ္ပဏီများအုပ်စု၊ ဒေါက်တာမျိုးအောင်ကျော် (အထွေထွေအတွင်းရေးမှူး) မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဦးစိုးမြင့်(အကြံပေးပုဂ္ဂိုလ်) စူပရင်းကုမ္ပဏီများအုပ်စု၊ ဒေါက်တာမြမောင် ညွှန်ချုပ်(ငြိမ်း) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန(ကိုယ်စား)တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ရာ တက်ရောက်လိုပါက ရုံးအဖွဲ့ စူပရင်းကုမ္ပဏီများအုပ်စု ဖုန်း-၆၈၅၂၃၇၊ ၆၈၉၃၇၆ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ Myanmar Professionals Education Centre (MPEC)၏ ကူညီပံ့ပိုးမှုဖြင့် ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်အဆောက်အအုံရှိ အခန်း၂၀၅ ၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းနှင့် အလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးထွန်းခိုင်၊ ဦးဇော်မိုးထွန်း၊ ဦးနေလင်းသန်းနှင့် ဦးဝင်းထိန်ဝင်းတို့က ''How to prepare to become a Professional Developer'' ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြမည် ဖြစ်သည်။

ဆွေးနွေးမည်

ယင်းဆွေးနွေးပွဲတွင် IT ပညာရပ်ကို စိတ်ပါဝင်စားပြီး Professional Developer ဖြစ်လိုသူများနှင့် အခြေခံလိုအပ်ချက်များ မည်ကဲ့သို့ပြင်ဆင်ထားရမည်နှင့် လေ့လာသင်ယူထားရမည့် လိုအပ်ချက်များ စသည်တို့ကို အမေး အဖြေပုံစံဖြင့် ဆွေးနွေးပေးသွားမည်ဖြစ်သည်။

Myanmar Professional Education Centre (MPEC) သည် Professional Computer သင်တန်းများကို ၂၀၀၂ခုနှစ်မှ စတင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သင်တန်းတစ်ခုဖြစ်ပြီး ယခုအခါ Cambridge ICT (Malaysia) အသိအမှတ်ပြု Diploma in Software Engineering နှင့် Diploma in Business ITသင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စုံစမ်းနိုင်

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနှ ကိုးကားတင်ပြသည်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၂၂

ဇူလိုင် ၂၁ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အမေရိကန်နိုင်ငံ မင်နာပိုလစ်မြို့တွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ်တွင် မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၂၂ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့သည်။ ချင်းပြည်နယ်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇူလိုင် ၂၃ရက် **(ယနေ့)** ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား ရွာသွန်းနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၂၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့်ရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည် ဖြစ်သည်။

ဇူလိုင်၂၂ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၃၉ လက်မ	
ခန္တီး	၂ ဒသမ ၃၆ လက်မ	
သာယာဝတီ	၂ ဒသမ ၁၂ လက်မ	
မော်လမြိုင်	၂ ဒသမ ၄၈ လက်မ	
ရန်ကုန်(မင်္ဂလာဒုံ)	၂ ဒသမ ၃၃ လက်မ	
မြစ်ကြီးနား	၂ ဒသမ ၀၅ လက်မ	

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

● *ရှေ့ဖုံးမှ*

ဆုချီးမြှင့်

အခမ်းအနားတွင် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီးနောက် ပညာရေးအလှူရှင်များ ဖြစ်ကြသည့် ဦးတင်မောင်၊ဒေါ်နန်းလှစိန်(ဂရိတ်ဝေါမိသားစု)၏ အလှူငွေ ကျပ်သိန်း ၄၀ကို အလှူရှင်များကိုယ်စား တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရေး ကော်မတီအတွင်းရေးမှူး ဦးလှမျိုးက တိုင်းမှူးထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးကအောင်ချက်အကောင်းဆုံး မြို့နယ်များနှင့် အောင်ချက် အကောင်းဆုံး ကျောင်းသုံးကျောင်းအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ခြောက်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူ ၁၀ ဦးအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့် ပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးသည် ညနေ ၃နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အမှတ်(၁)ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံရှိ မြေကွက်လပ်တွင် ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ စိန်တစ်လုံးသရက်ပင်များ စုပေါင်း စိုက်ပျိုးပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၂၇၀၀၀၀ ဝါဆိုသင်္ကန်း၊ ဖိနပ်၊ ခါးပန်းကြိုး ၁၁စုံတို့ကို ဇူလိုင် ၁၆ရက်ကအင်းစိန်မြို့နယ် အထက (ခွဲ) အလက(၇) မှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းငွေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လှူဒါန်းရာ သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘညဏ်က လက်ခံယူစဉ်။ (၁၂၇)

ဇူလိုင် ၂၀ရက်က ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာပုညောပကာရ ဓမ္မာရုံတွင် လေအေး ပေးစက်လေးလုံးတပ်ဆင်ရန် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးညွန့်ငွေး-သီဟသုဓမ္မသီဂီ ဒေါ်နီလာရွှေ၊ သား မောင်မြတ်စိုးအောင် မိသားစုက ငွေကျပ်သိန်း ၂၀ကို ကျောင်းကြီးတိုက် ဘက်စုံ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၃)

သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်၍ ကုံ့ကော်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၂

သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ ကုံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိလုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေနှင့် ပုန်းညက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် မိုးရာသီစိုက်ပျိုးပွဲတွင် တပျော်တပါးပါဝင်စိုက်ပျိုးနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

စိုက်ပျိုးခဲ့

ယမန်နေ့ကကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကုံ့ကော်၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ပုန်းညက် စသည့် သစ်ပင် ၅၄၈ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၈ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သစ်တော)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူရှင် ဒေါ်ကျင်ဆန်း အမှတ် ၇၆၊ ၂၄လမ်း လသာမြို့နယ်က အလှူငွေကျပ် ၅၀၀၀၀ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၂

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ရက် (ဇူလိုင် ၂၅ရက်)သောကြာနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရွှေရင်မျှော်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လက ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတဝိနယပါရဂူ ဘဒ္ဒန္တနရိန္ဒာဘိဝံသ(ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ)နှင့် ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်ကိုင်းတိုင်း ကသာမြို့နယ် ကျောက်ထုံးကြီးကျောင်း ဦးစီးပဓာန နာယက ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားတော်မူမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဇူလိုင် ၂ရက်က ကျောက်တန်း မြို့ပေါ် ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော ဆင်ကန်သဘာဝရေကန်ရှိ ရေစက်ရုံကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၇ရက် နံနက် ၈နာရီက ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်သည်။

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဖွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။

ကိုးပါးသီလ

ဆက်လက်၍ ဗောဓိရိပ်သာကျောင်းတိုက်ပဓာန နာယက(ပြည်တွင်း၊ ပြည်ပ သာသနာပြု) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနကထံ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အလှူရှင်များက ဆရာတော်ကြီးနှင့် ဝါဆိုတော်မူကြသည့်သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်အစုစုတို့အတွက် ရေစက်ချအမျှအတန်းပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုခဲ့ကြောင်းသိရသည်။ (ဝ၄ဝ)

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၈ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုထွန်းက ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံ အားဖြည့်အစာတောင့်များပေးဝေ

ရန်ကုန် ဇူလိုင် ၂၂

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများတွင် လယ်ယာလုပ်ငန်းဝင်ရောက်လျက်ရှိသော ကျွဲ၊ နွားများ ကျန်းမာသန်စွမ်းစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိဦးဝင်းကြည်နှင့် အထူးအဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်ကြန်နှင့် အဖွဲ့သည် ဇူလိုင် ၁၆ရက်က ကျွန်းချောင်းကျေးရွာအုပ်စု သံခနောက်နှင့် အုတ်ပုံကျွန်းဘိုးကျေးရွာများတွင် ကျွဲ၊ နွား ၁၂၆ ကောင်အားလည်းကောင်း၊ ဇူလိုင် ၁၈ရက်က ရှောက်ချောင်းကျေးရွာအုပ်စု မြစ်တိုကျေးရွာတွင် ကျွဲ၊ နွား ၄၂ကောင် နှင့် ငွေဇင်ယော်ကျေးရွာတွင် ကျွဲ၊ နွားကောင်ရေ ၅၀တို့အား ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးနှံကုသပေးခဲ့သည့်အပြင် ကျွဲ၊ နွားအားဖြည့် အစာတောင့်များကိုလည်းကောင်း ပေးဝေခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့နှစ်ဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု ၁၆အုပ်စုသို့လှည့်လည်ပြီး ကျွဲ၊ နွား ခွာနာလျှာနာရောဂါများ၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံကုသပြီး ကျွဲ၊ နွားအားဖြည့်အစာတောင့်များလည်း ပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဘောလုံးအသင်းများ ရပ်တည်မှုအနေအထား

ပေကျင်း ဇူလိုင် ၂၂

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဩဂုတ် ၈ ရက်မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီအိုလံပစ်ပွဲတော်မှာ ပါဝင်ဆင်နွှဲမယ့် ဘောလုံးအသင်းတွေဟာ အခုဆိုရင် အပြီးသတ်လူရွေးချယ်မှု၊ လေ့ကျင့်ပြင်ဆင်မှုတွေနဲ့ လှုပ်လှုပ်ရှားရှား ရှိနေပြီဖြစ်ပါတယ်။

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဝင်မယ့် အမျိုးသားဘောလုံးအသင်းတွေကို အုပ်စုလေးစုခွဲထားပြီဖြစ်လို့ အုပ်စုခွဲထား

တရုတ်အသင်းနည်းပြ ဒူကိုဗစ်

မှုအနေအထားကိုကြည့်ရင် အုပ်စု(က)မှာ အိုင်ဗရီကို့စ်၊ အာဂျင်တီးနား၊ သြစတြေးလျနဲ့ ဆားဘီးယားတို့ ပါဝင်ပါတယ်။ အုပ်စု(ခ)မှာ နယ်သာလန်၊ နိုင်ဂျီးရီးယား၊ ဂျပန်နဲ့ အမေရိကန်တို့ ပါဝင်ပြီး အုပ်စု(ဂ)မှာ တရုတ်၊ နယူးဇီလန်၊ ဘရာဇီး၊ ဘယ်လ်ဂျီယံတို့ ပါဝင်ပါတယ်။ အုပ်စု(ဃ)မှာ တောင်ကိုရီးယား၊ ကင်မရွန်း၊ ဟွန်ဒူးရပ်စ်နဲ့ အီတလီတို့ ပါဝင်နေကြတာမို့ အုပ်စုအနေအထားဟာ ခြေစွမ်းမျှတနေကြတာ တွေ့ရပါတယ်။

အုပ်စု (က)

အုပ်စုတစ်ခုချင်းအလိုက် လေ့လာကြည့်ရင်တော့ အုပ်စု(က)မှာ လက်ရှိ အိုလံပစ်ချန်ပီယံအာဂျင်တီးနားအသင်းဟာ အုပ်စုချောင်တယ်လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ အုပ်စုအတွင်းမှာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားရမယ့်အသင်းဆိုလို့ အိုင်ဗရီကို့စ်နဲ့ သြစတြေးလျအသင်းတွေပဲရှိပါတယ်။ ဒါပေမယ့် ၂၀၀၈ပေကျင်း အိုလံပစ်ပြိုင်ပွဲကျင်းပချိန်ဟာ ဥရောပမှာ လိဂ်ပြိုင်ပွဲကျင်းပချိန်နဲ့ တိုက်ဆိုင်နေတာမို့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ ဒရော့ဘာနဲ့ ဗီဒူကာတို့ဟာ အိုင်ဗရီကို့စ်နဲ့ သြစတြေးလျအသင်းတွေမှာ ပါဝင်ကစားကြဖို့ မသေချာပါဘူး။ ဆားဘီးယားဟာ အသင်းသစ်ဖြစ်ပြီး ခြေစွာတဲ့ လူငယ်ခြေတက်တွေပါဝင်လာပေမယ့် အုပ်စုအဆင့်ကပဲ လှည့်ပြန်ရမယ့် အသင်းပါပဲ။ အုပ်စု(က)ရဲ့ အုပ်စု ဒုတိယနေရာကို အိုင်ဗရီကို့စ်နဲ့သြစတြေးလျတို့ လုရဖွယ်ရှိနေပါတယ်။ အာဂျင်တီးနားတို့ကတော့ အုပ်စု(က)မှာ အုပ်စုဗိုလ်အဖြစ်နဲ့ ရော အိုလံပစ်ပြိုင်ပွဲမှာ ထပ်ဆင့်ဗိုလ်စွဲမယ့် အသင်းအဖြစ်နဲ့ပါ ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။

အုပ်စု (ခ)

အုပ်စု (ခ)မှာ အုပ်စုဗိုလ်ဖြစ်မယ်လို့ နာမည်ကြီးနေတဲ့ အသင်းက ယူရို ၂၀၀၈မှာ အကောင်းဆုံးအရှုံးသမားဖြစ်ခဲ့တဲ့ နယ်သာလန်အသင်းပဲဖြစ်ပါတယ်။ နယ်သာလန်အသင်းရဲ့ လူစာရင်းကို ဇူလိုင် ၂၂ရက်က ထုတ်ပြန်လိုက်တဲ့အခါ ဂိုး-ပက်ဗီးလ်သူရီဇန်နဲ့ အေဂျက်ဂိုးသမား ကင်နက်ဗာမီရာတို့ကို ရွေးချယ်ထားပြီး နောက်တန်းမှာ ဟီရန်ဗင်းကလပ်က ဂျွန်အေပင်၊ ပီအက်စ်ဗွီကလပ်မှ မာဆယ်လစ်စ်နဲ့ဝက်ဘရွမ်းက ရိုင်နာရီတို့ ပါဝင်ပါတယ်။ ကွင်းလယ်မှာ ဗလင်စီယာက မာဒူရို၊ ဖေရင်နုက ဂျိုနသန်နဲ့ ဆဲလ်တစ်ကအီဗင်ဒါနီတို့ ပါဝင်သလို ရှေ့တန်းမှာ လီဗာပူးက ဘာဘယ်လ်၊ ရီးရဲမက်ဒရစ်က ရွိုင်စတုန်းဒီရင်သီ၊ ဖီရင်နုက ရွိုင်မက်ကေးနဲ့ ဟီရန်ဗင်းမှ စီဘွန်တို့ ပါဝင်ကစားမှာမို့ တိုက်စစ်ကအားကောင်းနေပါတယ်။ နယ်သာလန် နည်းပြ ဒီဟန်းကတော့ ပထမအဆင့်အနေနဲ့ အုပ်စုဗိုလ်ဖြစ်ရေး ကြိုးစားမယ်လို့ ဆိုနေပါတယ်။

ခက်ခက်ခဲခဲကစားရဖွယ်

ဒီအုပ်စုမှာ နိုင်ဂျီးရီးယားအသင်းဟာ အသက် ၂၃နှစ်အောက်လူငယ်တွေနဲ့ ပွဲထွက်လာမှာဖြစ်သလို ဂျပန်အသင်းကလည်း ခြေစမ်းပွဲ ရလဒ်တွေအရ အုပ်စုကနေပြီး နောက်တစ်ဆင့်တက်ဖို့ ခြေစွမ်းရှိနေတဲ့ အသင်းပါပဲ။ အမေရိကန်အသင်းကတော့ နယ်သာလန်၊ နိုင်ဂျီးရီးယားနဲ့ ဂျပန်အသင်းတွေကို ခက်ခက်ခဲခဲကစားရမယ့် အနေအထားဖြစ်ပါတယ်။ အုပ်စု(ခ)မှာတော့

ဂိုးသွင်းသေချာတဲ့ တရုတ်တိုက်စစ်မှူး ဟန်ပင်း

ဒုတိယနေရာက နောက်တစ်ဆင့် တက်လာမယ့်အသင်းဟာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။

အုပ်စု (ဂ)

အုပ်စု (ဂ) မှာ နောက်တစ်ဆင့် တက်မယ်လို့ ရေပန်းစားနေတဲ့အသင်းကတော့ အိမ်ရှင်တရုတ်အသင်းဖြစ်ပါတယ်။ တရုတ်အသင်းမှာ အဓိက ကစားသမားကတော့ဟန်ပင်းပါပဲ။ ဂိုးသွင်းလည်း သေချာတဲ့ဟန်ပင်းကို နည်းပြဒူကိုဗစ်က အားထားနေပါတယ်။ ဒါ့အပြင် ကွင်းလယ်ကစားသမား ကျန်ကျီ၊ နောက်တန်းဗဟိုခံစစ်မှူး လီဝေဖန်တို့ကလည်း တရုတ်အသင်းအတွက် အမာခံဘောလုံးသမားတွေဖြစ်ပါတယ်။ ဒီဘောလုံးသမားတွေဟာ အတွေ့အကြုံရှိပြီး ခြေစွမ်းလည်း ပြနိုင်ကြတဲ့ သူတွေပါပဲ။ တရုတ်အသင်းတိုက်စစ်မှာ မန်ယူလူငယ်အသင်းမှာ ကစားနေတဲ့ ဒေါင်ဖန်ဇူးနဲ့ ဂေါင်လင်းတို့လည်း ပါဝင်မှာမို့ ရှေ့၊ လယ်၊ နောက် တော့မျှတနေပါတယ်။ လူငယ်တွေနဲ့ အတွေ့ အကြုံရှိတဲ့သူတွေကို ပေါင်းစပ်ဖွဲ့စည်းထားတဲ့ တရုတ်အသင်းဟာ ဇူလိုင် ၂၀ရက်က သြစတြေးလျအသင်းနဲ့ ခြေစမ်းပွဲကစားတဲ့အခါ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ တရုတ်အသင်းရဲ့ ခြေစွမ်းဟာ နယူးဇီလန်နဲ့ ဘယ်လ်ဂျီယံတို့ကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့် တက်ရောက်သွားနိုင်ပါတယ်။ ဒီအုပ်စုမှာ အုပ်စုဗိုလ်အဖြစ်ကတော့ ဘရာဇီးတို့ပဲ ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ ဘရာဇီးအသင်း မှာတော့ ရော်ဘင်ဟိုနဲ့ ရော်နယ်ဒင်ဟိုတို့ ပါဝင်ကစားနိုင်ဖွယ် မရှိဘူးလို့ ဆိုနေပါတယ်။

အုပ်စု (ဃ)

အုပ်စု(ဃ)မှာ အုပ်စုဗိုလ်အဖြစ် ရေပန်းစားနေတာကတော့ နာမည်ကြီး အီတလီတို့ပဲဖြစ်ပါတယ်။ အီတလီအသင်းဟာလည်း အုပ်စုချောင်တယ်လို့ ခေါ်ရမှာ ဖြစ်ပါတယ်။ အီတလီအသင်းအနေနဲ့ အဓိကယှဉ်ပြိုင်ရမှာက တောင်ကိုရီးယား

နယ်သာလန်အတွက် အားထားရမယ့် တိုက်စစ်မှူး ဘာဘယ်လ်

နဲ့ ကင်မရွန်းတို့ပဲ ဖြစ်ပြီး ဒီအသင်းတွေကိုလည်း အီတလီတို့ နိုင်ပွဲရနိုင်ပါတယ်။ ဒီအုပ်စုမှာ အဓိကယှဉ်ပြိုင်ရမှာက အုပ်စုဒုတိယနေရာဖြစ်ပြီး တောင်ကိုရီးယားနဲ့ ကင်မရွန်းတို့ အကြိတ်အနယ် လုရမယ့် အနေအထားရှိပါကြောင်းသုံးသပ်ဖော်ပြလိုက်ရပါတယ်။ ။

ကိုးကား-ဆင်ဟွာသတင်းများ

မောင်မောင်မြင့်ဆွေ ရေးသားသည်

အိုလံပစ်မီးရှူးတိုင် လန်ယီမြို့သို့ရောက်ရှိ



ပေကျင်း ဇူလိုင် ၂၂

၂၀၀၈ ပေကျင်းအိုလံပစ်မီးရှူးတိုင်ကို တရုတ်နိုင်ငံအတွင်း လှည့်လည်သယ်ဆောင်လျက်ရှိရာ ဇူလိုင်၂၂ရက်က တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် လန်ယီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

လက်ဆင့် ကမ်းသယ်ဆောင်

လန်ယီမြို့သို့ ရောက်ရှိလာသော အိုလံပစ်မီးရှူးတိုင်အား တရုတ်ပြေးခုန်ပစ် အားကစား သမားဟောင်း ဒန်ယူရှန်က ပြေးခုန်ပစ်အားကစားသမားများခြံရံ၍ လက်ဆင့် ကမ်းသယ်ဆောင်ပေးခဲ့ကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေကျင်းအိုလံပစ်အကြို ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၄၀၀ ၌ မီဝါရီနာ ပထမရရှိ

ပေကျင်း ဇူလိုင် ၂၂

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်အကြိုအဖြစ် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇူလိုင် ၂၁ရက်က ကျင်းပခဲ့သော အမျိုးသားမီတာ၄၀၀ အလွတ်တန်းအပြေးပြိုင်ပွဲ၌ ဂျီရီမီဝါရီနာက ၄၃ ဒသမ ၈၆ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။

မျှော်မှန်း

အမေရိကန် အပြေးသမား ဂျီရီမီဝါရီနာအနေဖြင့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်၌ ရွှေတံဆိပ်ဆု မျှော်မှန်းထားကြောင်းသိရသည်။

အီဂျစ်တိုက်စစ်မှူး အမ်ဇာကီအား ဝီဂန်က အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့

လန်ဒန် ဇူလိုင် ၂၂

ဖီဖာက ကမ္ဘာ့အကောင်းဆုံးအဆင့်ရှိ တိုက်စစ်မှူးဟု သတ်မှတ်ထားသူ အီဂျစ်တိုက်စစ်မှူး အမ်ဇာကီအား ဝီဂန်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်နိုင်ပြီ ဖြစ်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က အသက် ၂၅နှစ်ရှိ တိုက်စစ်မှူး အမ်ဇာကီအား ဆေးစစ်မှုများ ပြုလုပ်ပြီးစီးခဲ့၍ ဝီဂန်မှ တာဝန်ရှိသူများသည် ဇူလိုင်၂၁ရက်က အီဂျစ်သို့ သွားရောက်ပြီး အမ်ဇာကီအား အပြီးသတ်ခေါ်ယူရေး ဆွေးနွေးခဲ့သည်။

အီဂျစ်တိုက်စစ်မှူး အမ်ဇာကီ(ယာ)၏ ကစားဟန်။

ပြောကြား

အမ်ဇာကီအား စာချုပ်ချုပ်ဆို ခေါ်ယူရေးမှာ အမှန်တကယ်ပင် ခက်ခဲသော်လည်း နောက်ဆုံးတွင် ၎င်းသည် ဝီဂန် အက်သလက်တစ်၏ ကစားသမားတစ်ဦးဖြစ်လာသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း၊ယခုအခါ အမ်ဇာကီသည် သူ၏ လက်ဝယ်သို့ရောက်ရှိလာသော အလုပ်ကို ဆက်လုပ်နိုင်ပြီဖြစ်ကြောင်း၊ သူသည် နိုင်ငံပွဲစဉ်များတွင် ၄၈ပွဲ ကစားရာတွင် ၂၇ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဖီဖာ၏ ကစားသမား အဆင့်သတ်မှတ်ချက်၌ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိနေသူဖြစ်ကြောင်း ဝီဂန်နည်းပြ စတိဘရစ်က ပြောကြားခဲ့သည်။

(အင်တာနက်)

ကွင်းလယ်ကစားသမား အက်ဆီယန် ချယ်လ်ဆီးအသင်းနှင့် ထပ်မံစာချုပ်

လန်ဒန် ဇူလိုင် ၂၂

ဂါနာနှင့် ချယ်လ်ဆီးကွင်းလယ် ကစားသမား အက်ဆီယန်သည် အသင်းနှင့် ငါးနှစ်တာစာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့သည်။ အက်ဆီယန်သည် ဂိုးသမားပီတာဆက်နှင့် ခံစစ်မှူး ဝိန်းဘရစ်ချ်တို့ အသင်းနှင့်စာချုပ်ခဲ့ပြီးနောက် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဆောင်ကြဉ်းပေး

အသက်၂၅နှစ်ရှိ အက်ဆီယန် သည် ၂၀၀၅ခုနှစ်တွင် လိုင်ယွန်မှ ချယ်လ်ဆီးသို့ ပေါင်၂၄သန်းဖြင့် ပြောင်းလာကတည်းက ချယ်လ်ဆီးအသင်းအား အောင်မြင်မှု ရအောင် အဓိကဆောင်ကြဉ်းပေးခဲ့သည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယန်

စိတ်အားထက်သန်

မိမိသည် ချယ်လ်ဆီးတွင် ပျော်ရွှင်ကြောင်း၊ ချယ်လ်ဆီးအသင်းသည် အင်အားတောင့်တင်းသကဲ့သို့ မိမိအား အမြဲကြိုဆိုသော အံ့သြဖွယ်ပရိသတ်များလည်းရှိကြောင်း၊ နည်းပြသစ် စကိုလာရီနှင့်အတူ ရာသီသစ်ကို ဖြတ်သန်းရန် စိတ်အားထက်သန်နေကြောင်း အက်ဆီယန်က ပြောကြားသည်။

(အင်တာနက်)

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် အမျိုးသမီးဘောလုံးအသင်းများအုပ်စုခွဲ

ပေကျင်း ဇူလိုင် ၂၂

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲမည့် အမျိုးသမီးဘောလုံးအသင်းများကို ဇူလိုင်၂၁ရက်က အုပ်စုများခွဲလိုက်ပြီဖြစ်သည်။

ပါဝင်

အိုလံပစ်ပြိုင်ပွဲဝင် အမျိုးသမီးဘောလုံးအသင်းများကို အုပ်စုခွဲရာတွင် အမျိုးသားဘောလုံးအသင်းများ၏ အုပ်စုသတ်မှတ်ချက်နှင့် အက္ခရာအစဉ်လိုက် သတ်မှတ်ခဲ့ရာ၌ အုပ်စု(င)တွင် တရုတ်၊ ဆွီဒင်၊ အာဂျင်တီးနားနှင့် ကနေဒါတို့ပါဝင်ပြီး အုပ်စု(စ)တွင် မြောက်ကိုရီးယား၊ နိုင်ဂျီးရီးယား၊ ဂျာမနီနှင့် ဘရာဇီးတို့ ပါဝင်ကာ အုပ်စု(ဆ)၌ နော်ဝေ၊ အမေရိကန်၊ ဂျပန်နှင့် နယူးဇီလန်အသင်းတို့ ပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီတူးအား ကမ်းလှမ်းခဲ့သည်ဆိုမှု မဟုတ်မှန်ကြောင်း ချယ်လ်ဆီးငြင်းဆို

လန်ဒန် ဇူလိုင် ၂၂

ကင်မရွန်းနှင့်ဘာစီလိုနာ တိုက်စစ်မှူး အီတူးက စပါး၊ အင်တာမီလန်နှင့် ချယ်လ်ဆီးအသင်းများထံမှ ၎င်းအား ကမ်းလှမ်းမှုများကို ရရှိခဲ့သည်ဟု အခိုင်အမာ ပြောကြားခဲ့သော်လည်း ချယ်လ်ဆီးအသင်းကမူ အီတူးအား ကမ်းလှမ်းမှု မပြုလုပ်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။

ပြောကြား

အသက် ၂၇နှစ်ရှိ အီတူးသည် လောလောဆယ်တွင် ဘာစီလိုနာအသင်းနှင့် အတူ စကော့တလန်သို့ရောက်ရှိနေပြီး စပါ၊ အင်တာမီလန်နှင့် ချယ်လ်ဆီးတို့က ၎င်းအား ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၂၁ရက်က ကော်ရီရယ် အားကစားသတင်းဂျာနယ်သို့ ပြောကြားခဲ့သည်။

သို့သော်လည်း လက်ရှိအချိန်တွင် ရာသီအကြို ခြေစမ်းပွဲကစားရန် ချယ်လ်ဆီးအသင်းနှင့်အတူ တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ချယ်လ်ဆီး ကစားသမားများကမူ အီတူးအား မကမ်းလှမ်းခဲ့ကြောင်း ငြင်းပယ်ခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

အလုံအချိုရည်နှင့်ရေခဲစက်ရုံ ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့အားအမှူးထား၍ မြန်မာ့စားသောက်ကုန်လုပ်ငန်း အလုံအချိုရည်နှင့် ရေခဲစက်ရုံ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၅ရက် နံနက် ၁၀နာရီက သရက်တောကျောင်းတိုက်ရှိ ဓမ္မာရုံကျောင်း၊ အလုံကျောင်း၊ ဇေယျာသုခကျောင်း၊ ရေလည်ကြီးကျောင်းနှင့် လေးမျက်နှာကျောင်းများတွင် ဆက်ကပ်လှူဒါန်းခဲ့သည်။ **(ယာမုံ)**

ဆက်ကပ်လှူဒါန်း

အဆိုပါ ကပ်လှူပွဲများသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အထွေထွေမန်နေဂျာများနှင့် စက်ရုံဝန်ထမ်းမိသားစုများတက်ရောက်ကြပြီး ကျောင်းတိုက်ငါးတိုက်ရှိ သံဃာတော် အပါး ၁၁၀အား ဝါဆိုသင်္ကန်းအစုံနှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်ရှိ ဝါဆိုသံဃာတော်များ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း မြို့တွင်းမြို့ပြင်သန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်ထားမှုကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၂

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၁၉ ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ရောက်ရှိပြီး မြို့တွင်းမြို့ပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်ဝန်ကြီးသည် တော်ကူးအနောက်ကျေးရွာအုပ်စုရှိ မစိုးရိမ်ကျောင်းတိုက်သို့သွားရောက်၍ ကျေးရွာအုပ်စုအတွင်းရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လယ်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အားပေး

ဆက်လက်၍ဝန်ကြီးသည် အဆိုပါကျောင်းအတွင်း၌ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အဝတ်အထည်၊ ဆေးမျိုးစုံနှင့် အိမ်သုံးပစ္စည်းများ၊ အေးရှားဝေါလ်ကုမ္ပဏီက လှူဒါန်းသည့် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တော်ကူးအနောက်ကျေးရွာအုပ်စု အနီးပတ်ဝန်းကျင်မှ ကျေးရွာပေါင်း ခြောက်ရွာတို့ရှိ လေဘေးသင့်အိမ်ထောင်စုပေါင်း ၆၇၉ စုတို့အား အလှူရှင်များ၏ လှူဒါန်းမှုကို အားပေးပြီး လေဘေးသင့် ပြည်သူများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ငါးပါးသီလခံယူ

ယင်းနောက်ဝန်ကြီးသည် ကန့်မလာကျေးရွာအုပ်စုရှိ သီရိမင်္ဂလာကျောင်းတိုက်သို့ သွားရောက်၍ ကန့်မလာ၊ ပီလခတ်၊ ပကောက်ကျေးရွာအုပ်စုများရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းပြီး ၄က်ကြီးတောင်ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ကန့်မလာ၊ ပီလခတ်၊ ပကောက်ကျေးရွာအုပ်စုများရှိ လေဘေးသင့်အိမ်ထောင်စုပေါင်း ၁၅၇၄ စုတို့အား အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အဝတ်အထည်၊ ဆေးမျိုးစုံ၊ အစားအသောက်များ၊ ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပစ္စည်းများလှူဒါန်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာအုပ်စု မစိုးရိမ်ကျောင်းတိုက်၌ လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များမှ ပစ္စည်းများလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (စွမ်းအင်)

ရှေဦးဆရာတော်အရှင်နန္ဒာသိရီ ဝါတွင်းတရား ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၂

မြောက်ဥက္ကလာပမြို့နယ် သန္တာ ၁၇လမ်း မိုးကုတ်ရိပ်သာ ပုပ္ပား(၃) ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ရှေဦးဆရာတော် အရှင်နန္ဒာသိရီသည် ဝါတွင်းကာလ အထူးတရားပွဲများကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ရက်တွင် အဖွဲ့ခွဲ (၂၆၀)တိုက်ကြီးမြို့ ဝါဆိုလကွယ်နေ့တွင် စကြာရန်အောင်ကျောင်း ညဘာလမ်း၊ ဝါခေါင်လဆန်း ၃ ရက်မှ ၁၂ရက်အထိ ဇနိတာရာမတောရကျောင်း စိန်ရွှေကုန်းရွာ မော်ဘီမြို့၊ ဝါခေါင်လပြည့်နေ့တွင် ရွှေစက်တော်ကျောင်း ဗဟန်းမြို့နှင့် ဓမ္မိကာရာမ ပေါက်တောကျောင်း အင်းစိန်မြို့၊ ဝါခေါင်လပြည့်ကျော် ၁ ရက်မှ လပြည့်ကျော် ၇ရက်အထိ မိုးကုတ်အဖွဲ့ခွဲ အမှတ် (၈၄) သုံးခွမြို့၊ ဝါခေါင်လပြည့်ကျော် ၈ရက်တွင် မိုးကုတ်အဖွဲ့ခွဲ အမှတ်(၂၆၀) တိုက်ကြီးမြို့၊ ဝါခေါင်လကွယ်နေ့တွင် သီတဂူပတ္တမြားကျောင်းနှင့် လိပ်ပြာကန်ကျောင်း ပဲခူးမြို့တို့၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄သို့ ဆရာတော်နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အလှူငွေပေးအပ်

ဇူလိုင် ၂၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅) (ယခင်စိန့်မိုက်ကယ်) ကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ ဒေါ်နုနု(ဆောက်လုပ်ရေး)မှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုလေးက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို လက်ခံယူစဉ်။ (၁၂၃)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

မုံရွာ ရွှေစည်းခုံစေတီတော် ဝါဆိုဆွမ်းလောင်းလှူ

မုံရွာမြို့ သမိုင်းဝင်ရွှေစည်းခုံစေတီတော်ကြီး၏ ဝါဆိုဆွမ်းလောင်းလှူပွဲကို ဇူလိုင် ၁၂ရက် နံနက်၈နာရီခွဲက ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများနှင့် ဆွမ်းသပိတ်အလှူရှင်များက ဝါဆိုဦးဆွမ်းလုံး သပိတ်များကို ဆက်ကပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ကြီး၌ ကိုယ်ပွားသတင်းစာတိုက်ဝါဆိုသင်္ကန်းကပ်လှူ

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၂၀ရက် နံနက်၁၀နာရီက အဆိုပါ သတင်းစာတိုက်၌ကျင်းပရာ စာတည်း(တာဝန်ခံ)နှင့် အလှူရှင်များက တောင်ကြီးမြို့ စူဠာမုနိပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များလှူဒါန်း

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတွင်းရှိ လေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အလှူခံဌာနဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၃ရက် နံနက်က မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့်တာဝန်ရှိသူများက လေဘေးသင့်ဒေသ ပြည်သူများအတွက် ငွေကျပ် ၅၂၅၀၀၀တန်ဖိုးရှိ ဆန်အိတ် ၃၅အိတ်ကိုပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**

နယ်မြေဖွံ့ဖြိုးတိုးတက်ရေး ကျောက်မဲ၌ စည်းဝေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအသင်းအဖွဲ့တို့၏ လုပ်ငန်းဆိုင်ရာနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးကျော်သန်း တက်ရောက် အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် ၄လမ်း ကျောက်ချောခင်း

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် အမှတ်(၄)လမ်းအား ကျောက်ချောခင်းရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇွန်၃၀ရက်က အကျယ်၁၂ပေ၊ လမ်းအရှည် ပေ၁၈၀၀ ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်ခွင့်ပြုငွေကျပ် ၃၃သိန်းကျော် ကုန်ကျခံ၍ အဆင့်မြှင့်ဆောင်ရွက်သွားမည်ဟုသိရသည်။ **(၀၇၁)**

ကော့သောင်းတွင် ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် သမဝါယမအသင်းနှင့်ကုမ္ပဏီများ၏ ဝင်ငွေကြေညာလွှာစုပေါင်းပေးအပ်ပွဲကို ကော့သောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ဇွန် ၂၉ရက် မွန်းလွဲ၁နာရီက ကျင်းပရာ ဝင်ငွေကြေညာလွှာနှင့် ကြိုတင်ခွန်များကို သမဝါယမအသင်းများ၏ကိုယ်စား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သက်လွင်နှင့် ကုမ္ပဏီများ၏ကိုယ်စား ရတနာကော့သောင်းကုမ္ပဏီမှ ဦးဝဏ္ဏတို့က မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနေဝင်းထံသို့ ပေးအပ်ကြသည်။ **(၀၄၁)**

ကုဋ္ဌေဖြိုးဈေး သမဝါယမအသင်း နှစ်ပတ်လည်ကျင်းပ

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ ကုဋ္ဌေဖြိုးဈေး သ/မအသင်း ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၂၈ရက် နံနက် ၁၀နာရီက အသင်းရုံးစည်းဝေးခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဦးစံညွန့် တက်ရောက်အမှာစကားပြောကြားသည်။ **(၀၂၉)**

ရေဖူလုံစွာရရှိရေး ရေပိုက်လိုင်းများပြုပြင်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ ရေဖူလုံစွာရရှိရေးကိုဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့မှ ၁၂မိုင် ၄ဖာလုံအကွာအဝေးရှိ တလန်လင်ရေထွက်စမ်းမှ သွယ်ယူလျက်ရှိသော မိုင်တိုင် ၁၁မိုင် ၂ဖာလုံနေရာရှိ ပင်မပိုက်လိုင်း ၄လက်မပိုက်ပျက်စီးနေမှုကို ဇူလိုင်၁၀ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့ ဝန်ထမ်းများ ပြန်လည်ပြုပြင်အစားထိုး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကောလင်း ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းကို ကောလင်းမြို့နယ် ရှမ်းအလုံးကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ ရှမ်းအလုံး-ရွှေဟင်္သာမ်းကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှုကို ဇွန်ပထမပတ်အတွင်း ဆောင်ရွက်ကြသည်။ **(၀၂၆)**

သွေးလွန်တုပ်ကွေးကာကွယ်ရေးတန့်ဆည်၌ ဆေးဖျန်း

တန့်ဆည်မြို့ ပေါ်ဦးဗိုလ်မြရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဇူလိုင် ၁၃ရက်က အထက၊ ဈေးနှင့် ရပ်ကွက်အတွင်းရှိ အများသုံးရေတွင်းရေကန်များ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးသောင်းညွန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၃a/၂၂၇၈ ယာဉ်၏ အမြတ်ခွန်(ပုံစံ-၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဦးနေမျိုးကျော်
ဖုန်း-၀၉-၅၁-၈၀၉၄၈။

ရန်ကုန်မြို့လယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် (မိမိပစ္စည်းနှင့်မိမိ) ဂျပန်ရေညှိထမင်းလိပ်(ဆူရှီ) ကျွမ်းကျင်စွာ ပြုလုပ်ရောင်းချနိုင်သူ အလိုရှိသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၁၃၀၁၂
ဖုန်း-၀၉-၉၉၇၂၁၇၄။



ထီးချိုင့်မြို့နယ်၌ ကျေးလက်တံတား တည်ဆောက်

ထီးချိုင့် ဇူလိုင် ၂၂

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်သည် ဇူလိုင် ၄ ရက်က ထီးချိုင့်-ကျောင်းကုန်းလမ်းပေါ်ရှိ ကွမ်းတုံတံတားတည်ဆောက်နေမှုကို သွားရောက်ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရန်ပိုင်ရဲ့ တစ်လုံးတည်းသောအနိုင်ဂိုးနဲ့ ဘဏ္ဍာ/အခွန်အသင်း ကွင်းပိတ်ဒိုင်းဆွတ်ခူး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက လက်ရှိချန်ပီယံ စီးပွား/ကူးသန်းအသင်းကို တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရဗိုလ်စွဲသွားပါတယ်။

ဘဏ္ဍာ/အခွန် တစ်ဂိုး။
စီးပွား/ကူးသန်း ဂိုးမရှိ။

နာမည်ကြီးဘဏ္ဍာ/အခွန်အသင်းအနေနဲ့ ကွင်းပိတ်ပြိုင်ပွဲမှာ နှစ်ရာသီဆက်တိုက် အောင်မြင်မှုနဲ့ဝေးကွာနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီနဲ့ ၂၀၀၆-၂၀၀၇ဘောလုံးရာသီ ကွင်းပိတ်ပြိုင်ပွဲတို့မှာ ပြိုင်ပွဲကနေ စောစီးစွာထွက်ခွာခဲ့ရပေမယ့် အခုနှစ်မှာတော့ လက်ရှိချန်ပီယံ စီးပွား/ကူးသန်းကို အကောင်းဆုံးခြေစွမ်းနဲ့ ရင်ဆိုင်အနိုင်ယူကာ ကွင်းပိတ်ဒိုင်းကြီးကို တစ်ကျော့ပြန်ပြန်လည်ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။

ပုံမှန်ခြေစွမ်း

လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ စီးပွား/ကူးသန်းအသင်းတို့ကတော့ ဒီနေ့ပွဲမှာ ပုံမှန်ခြေစွမ်းပျောက်ခဲ့ပြီး အမှားများခဲ့တာကြောင့် ချန်ပီယံဘွဲ့ကို လက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။ ရာဇာဝင်းသိန်း၊ အောင်မျိုးသန်း၊ မျိုးမင်းထွန်း၊ စထက်နိုင်ဝင်းစတဲ့ အမာခံကစားသမားတွေ ခြေမပေါ်တာကြောင့် စီးပွား/ကူးသန်းကစားကွက်ဟာ ဟာကွက်တွေများခဲ့ပါတယ်။ ပထမပိုင်းမှာ စီးပွား/ကူးသန်းအသင်းဟာ ဘဏ္ဍာ/အခွန်ကို သူတင်ကိုယ်တင် ယှဉ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ဘဏ္ဍာ/အခွန်ကပွဲကို ထိန်းချုပ် ကစားသွားပြီး တိုက်စစ်မှူး ရန်ပိုင်ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ အောင်ပွဲခံသွားနိုင်တာဖြစ်ပါတယ်။

ဘဏ္ဍာ/အခွန်

ဘဏ္ဍာ/အခွန်အသင်းမှာ စိုးမြတ်မင်း၊ ရန်ပိုင်၊ အောင်အောင်ဦး၊ လွင်ဦး၊ ထွန်းထွန်းဝင်းတို့နဲ့လူစုံပါဝင်ခဲ့ပြီး တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာတဲ့ ခြေစွမ်းကြောင့်ပဲ အခုလို ဗိုလ်စွဲသွားတာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွား/ကူးသန်း အားသန်တဲ့ တောင်ပံနှစ်ဖက်က ဘောလုံးမထွက်အောင်နဲ့ ကစားကွက် တည်မရအောင် ကွင်းလယ်ကနေ အဆင့်ဆင့်ပိတ်ဆို့ခဲ့ပြီး နောက်ခံလူ မိုးကျော်သူကလည်း စီးပွား/ကူးသန်းရဲ့ တိုက်စစ်မှူးစထက်နိုင်ဝင်း လှုပ်မရအောင် ပိတ်ဆို့နိုင်ခဲ့တာကြောင့် စီးပွား/ကူးသန်းအခက် ဘဏ္ဍာ/အခွန် အချက် ဖြစ်သွားခဲ့ပါတယ်။

မြန်မာလိဂ် အဆင့်မြင့်တန်းရဲ့ ထိပ်သီးနှစ်သင်းတွေ့ဆုံပွဲဖြစ်တာကြောင့် ပရိသတ် အများအပြားလာရောက်အားပေးခဲ့ကြပါတယ်။ မြန်မာဘောလုံးပရိသတ်တွေ အခုလို စိတ်ဝင်တစားနဲ့ လာရောက်အားပေးကြတာဟာ မြန်မာဘောလုံးလောကအတွက်တော့ကောင်းတဲ့လက္ခဏာပဲဖြစ်ပါတယ်။ ပွဲအစမှာတော့ နှစ်သင်းစလုံးဟာ တိုက်စစ်ဖွင့်ကစားကြလို့ အကြိတ်အနယ်ရှိခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ဘဏ္ဍာ/အခွန်က ပွဲကို စိုးမိုးသွားနိုင်ပြီး မိနစ် ၅၀မှာ စိုးမြတ်မင်း ခေါင်းတိုက်ချပေးတဲ့ဘောလုံးကို ရန်ပိုင်က အယောင်ပြပြီး ကန်သွင်းခဲ့တာကြောင့် ဘဏ္ဍာ/အခွန်ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးရရှိသွားပါတယ်။ အနိုင်ဂိုးရပြီး နောက်ပိုင်းမှာတော့ ဘဏ္ဍာ/အခွန်ဟာ ပွဲကိုထိန်းကစားသွားခဲ့ပြီး ကစားအားကို အတင်၊ အချလုပ်ကာ ကစားသွားခဲ့ပါတယ်။ ဘဏ္ဍာ/အခွန် အသင်းဟာ ကွင်းပိတ်ဒိုင်းကြီးကို (၂၂)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပွဲအပြီးမှာတော့ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲနဲ့ ကွင်းပိတ်ပြိုင်ပွဲတို့မှာ ဆုရတဲ့အသင်းတွေကို ဆုများချီးမြှင့်ခဲ့ပါတယ်။ အမှတ်ပေးပြိုင်ပွဲမှာ ပထမဆုရ ဘဏ္ဍာ/ အခွန်အသင်းက တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်း၊ ကျပ်သိန်း ၅၀ နဲ့ဆုတံဆိပ်၊ ဒုတိယဆုရ ကမ္ဘောဇအသင်းက ဆုတံဆိပ်နဲ့ ကျပ်သိန်း ၃၀၊ တတိယဆုရ စီးပွား/ကူးသန်းအသင်းက ကျပ်သိန်း ၂၀၊ စတုတ္ထဆုရ ကာကွယ်ရေးအသင်းက ကျပ် ၁၀သိန်းနဲ့ ပဉ္စမဆုရ မြို့တော်စည်ပင်အသင်းက ကျပ်ငါးသိန်းတို့ရရှိခဲ့ပါတယ်။ ကွင်းပိတ်ပြိုင်ပွဲမှာ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်း က တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်း၊ ကျပ်သိန်း ၃၀ နဲ့ ဆုတံဆိပ်၊ ဒုတိယဆုရ စီးပွား/ ကူးသန်းအသင်းက ကျပ်သိန်း၂၀နဲ့ ဆုတံဆိပ်တို့ရရှိခဲ့ပါတယ်။

အခုနှစ်ဘောလုံးရာသီရဲ့ အကောင်းဆုံး ဘောလုံးသမားဆုရ ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)က ရွှေဘောလုံးနဲ့ ကျပ်ငါးသိန်း၊ ဒုတိယအကောင်းဆုံး ဘောလုံးသမားဆုရ ရန်ပိုင်(ဘဏ္ဍာ/အခွန်)က ငွေဘောလုံးနဲ့ ကျပ်သုံးသိန်း၊ ဂိုးသွင်းအများဆုံးဆုရ စထက်နိုင်ဝင်း(စီးပွား/ကူးသန်း)က ရွှေဖိနပ်နဲ့ ကျပ်ငါးသိန်း၊ ဒုတိယဂိုးသွင်းအများဆုံးဆုရ စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)က ငွေဖိနပ်နဲ့ ကျပ်သုံးသိန်းတို့ ရရှိခဲ့ပါတယ်။

၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ပြိုင်ပွဲတွေဟာ အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်ပြီး ကွင်းဖွင့်ပြိုင်ပွဲမှာ ပထမ(စီးပွား/ကူးသန်း)၊ ဒုတိယ(စွမ်းအင်)၊ အမှတ်ပေးပြိုင်ပွဲမှာ ပထမ(ဘဏ္ဍာ/အခွန်)၊ ဒုတိယ(ကမ္ဘောဇ)၊ ကွင်းပိတ်ပြိုင်ပွဲမှာ ပထမ(ဘဏ္ဍာ/အခွန်)နဲ့ ဒုတိယ(စီးပွား/ကူးသန်း)တို့က ရရှိခဲ့ကြကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ချန်ပီယံဘဏ္ဍာ/အခွန် ဘောလုံးအသင်း

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးနှင့် ကွင်းပိတ်ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း။ (မြန်မာ့အလင်း)

၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ကရင်ပြည်နယ် ဘားအံမြို့တွင်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၈ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေးနောင်က ဖတ်ကြားခဲ့သည်။ (ပြည်နယ်ပြန်/ဆက်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အာဂျင်တီးနားမြောက်ပိုင်း၌ ဆီးနှင်းထူထပ်စွာကျဆင်း

ဗျူနိုအေရိစ် ဇူလိုင် ၂၂

အာဂျင်တီးနားနှင့် ချီလီနိုင်ငံ နယ်စပ်ဒေသတွင် ဇူလိုင် ၂၂ရက် နံနက်မှစတင်ကာ ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ရာ လမ်းများဆီးနှင်းဖုံးလွှမ်းနေသဖြင့်**(အောက်ပုံ)** သွားလာရေး ပြတ်တောက်သွားကြောင်း အာဂျင်တီးနား အရာရှိများက ပြောကြားသည်။

ဆိုးရွားစွာကျဆင်း

နှင်းများဆိုးရွားစွာကျဆင်းမှုမှာ အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း ဂျူဂျိုင်ပြည်နယ်ရှိ ဂျာမာမြို့၌ဖြစ်ပြီး ဆီးနှင်းထု သုံးပေခန့်အထိမြင့်အောင် ကျဆင်းခဲ့ကြောင်းသိရသည်။

ဆီးနှင်းများဆိုးရွားစွာကျဆင်းမှုကြောင့် ဂျာမာနှင့် ဗီလာလာရီဒင်ဒါမြို့အကြား လမ်းမကြီး၌ မော်တော်ယာဉ် ရာပေါင်းများစွာ သွားလာမှုရပ်ဆိုင်းထားရသည်။

မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းတိုက်ခတ် ကမ်းလွန်ရေနံလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရ

မက္ကဆီကိုစီးတီး ဇူလိုင် ၂၂

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့၌ ဇူလိုင် ၂၂ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီခန့်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ ကမ်းလွန်ရေနံလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

ရေလှိုင်းများဖြစ်ပေါ်

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၆၅မိုင်နှုန်းတိုက်ခတ်ခဲ့ရာ မက္ကဆီကိုပင်လယ်ကွေ့၌ အမြင့်ရှစ်ပေရှိ ရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းမုန်တိုင်းသည် အမေရိကန်နိုင်ငံဘက်သို့ ဦးတည်ရွေ့လျားသွားကြောင်း သိရသည်။

နယူးဇီလန်မြောက်ပိုင်း၌ ငလျင်လှုပ်

ဝယ်လင်တန် ဇူလိုင် ၂၂

နယူးဇီလန်နိုင်ငံ မြောက်ပိုင်း ဟောကီကျွန်းကမ်းလွန်တွင် ဇူလိုင် ၂၂ရက် ဒေသစံတော်ချိန် နံနက် ၈နာရီ ၃မိနစ်က အင်အားရစ်ချ်တာစကေး ၄ဒသမ၃ရှိ ငလျင်လှုပ်သွားရာ ဟောကီကျွန်းရှိ လူနေအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း**(အပေါ်ပုံ)** အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ မြေငလျင်သည် ဟောကီကျွန်းအနီး ကီလိုမီတာ၂၀ခန့်၌ လှုပ်သွားခြင်းဖြစ်ရာ သေဆုံးမှုမရှိသော်လည်း ဒဏ်ရာရရှိမှုနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း နယူးဇီလန်နိုင်ငံ သဘာဝဘေးဆိုင်ရာအရာရှိများက ပြောကြားသည်။

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၂

မြောက်ဦးမြို့နယ်(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီခွဲတွင် ဓေဝတန်အောင်စံ ပရိယတ္တိစာသင်တိုက် ကျေးတမာလမ်း ၁၄/၂ ရပ်ကွက် ဥက္ကလာပစေတီအနီး တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ လာရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများကို အသင်း ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၅၁၉၂၀၀၊ အလုပ်အမှုဆောင် ဒေါ်နုနု ဖုန်း -၇၀၉၁၁၂နှင့် ဦးစောသိန်း ဖုန်း-၃၉၄၈၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထီးချိုင့်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့၌ ရောက်ရှိနေသော ထီးချိုင့်မြို့နယ်သူ မြို့နယ်သားများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီတွင် ဖောင်တော်ဦးကျောင်းတိုက် ဆွမ်းစားကျောင်း အပေါ်ထပ် ခြောက်ထပ်ကြီးဘုရားအနီး အလယ်ရွှေဂုံတိုင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်လာရောက်ကြရန် ဖိတ်ကြားနိူးဆော်ထားကြောင်းသိရသည်။ (က-ပ)

ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ အရှင်ခေမိန္ဒ၏ သီလပေးတရားနာကြားနိုင်

ရန်ကုန် ဇူလိုင် ၂၂

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌ ဝါတွင်းကာလဥပုသ်နေ့တိုင်း စစ်ကိုင်းခင်မကန် (နယ်လှည့်ဓမ္မကထိက) အရှင်ခေမိန္ဒက ကိုးပါးသီလ ချီးမြှင့်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်ဖြစ်သည်။ သီလဆောက်တည်လိုသူ၊ တရားနာကြားလိုသူများသည် ဝါဆိုလပြည့်ကျော် ၈ရက် (ဇူလိုင် ၂၅ရက်)မှ သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၁၄ရက်) အထိ ဥပုသ်နေ့တိုင်း တရားတော်များ နာကြားနိုင်ရန် နံနက် ၉နာရီခွဲတွင် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံသို့ တရားတော်နာလာရောက်ကြရန် နိူးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော လေယာဉ်ကွင်းလမ်းဘေးဝဲယာ ပလက်ဖောင်းတိုးချဲ့မှုကို ဇွန် ၁၅ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာပေပို့ချသင်ကြားပေးမှု အားပေးချီးမြှောက်

မန္တလေး ဇူလိုင် ၁၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၉လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား မိုးကောင်းကျောင်းတိုက်(တိုက်အုပ်) ဘဒ္ဒန္တသြဘာသာဘိဝံသ ဘဒ္ဒန္တကုဋ္ဌောဘာသ (တိုက်ကြပ်)ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသ၊ ဘဒ္ဒန္တသုဇနာဘိဝံသအမှူးပြုသော နာယကဆရာတော်ကြီးများက မိုးကောင်းတိုက်အတွင်းရှိ သံဃိကဖြစ်သော ဖျာပုံကျောင်း၌နေထိုင်၍ စာပေများ ပို့ချနိုင်ရန် ဓမ္မာစရိယ စာချတန်းစာဝါများကို ၁၀နှစ်ကျော်ပို့ချလာခဲ့သော ဘဒ္ဒန္တဝါယာမအား ကျောင်းထိုင်ဘုန်းကြီးအဖြစ် ဝါဆိုလဆန်း ၁၀ရက် ညနေ ၄နာရီက အသိအမှတ်ပြုတင်မြှောက်ကြသည်ဖြစ်ရာ ဤကောင်းမှုကို သံဃာ၊ နတ်လူ သာဓုခေါ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် လတာချောင်းကျေးရွာ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းဆောက်ရန် ငွေလှူဒါန်း

မော်လမြိုင်ကျွန်း ဇူလိုင် ၁၇

မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု လတာချောင်းကျေးရွာ လေဘေးသင့်ဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ပထမအကြိမ် အလှူငွေကျပ် ငါးသိန်းစုပေါင်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ရက် မွန်းလွဲ ၂နာရီက လတာချောင်းကျေးရွာ ယာယီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အလှူငွေပေးအပ်

ယင်းအလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် လတာချောင်းကျေးရွာနေ ဦးတင်အောင်-ဒေါ်သိန်းမြ၊ ဦးလှ-ဒေါ်ခင်တုပ်၊ ဦးကြည်အေး-ဒေါ်အုန်းမြင့်၊ ဦးသန်းဝင်း-ဒေါ်ဝင်းရွှေနှင့် ဦးကြည်ထွန်း-ဒေါ်ရီ မိသားစုများက အလှူငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်းအလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှ လက်ခံယူသည်။(အပေါ်ပုံ)

လှူဒါန်းနိုင်

အဆိုပါ လေဘေးသင့် လတာချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ပါဝင်လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တပညာဝံသ လတာချောင်းကျေးရွာ တန့်ငူကျေးရွာအုပ်စု မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဦးလှ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ လတာချောင်းကျေးရွာ တန့်ငူကျေးရွာအုပ်စု မော်လမြိုင်ကျွန်းမြို့နယ်တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

သီပေါမြို့မဈေး၌ စုပေါင်းသန့်ရှင်း

သီပေါ ဇူလိုင် ၈

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းသန့်ရှင်းသပ်ရပ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန်၁၄ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး (ဈေး)ဦးဝင်းကျော် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ ကျွန်းရွှေဝါကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

စဉ့်ကူး ဇူလိုင် ၁၂

စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်(၅၀)ပြည့်ရွှေရတုသဘင် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် ကျွန်းရွှေဝါရွှေရတုကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၃ရက် နံနက်၉နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့နှင့် ရွှေရတုဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က နှစ်(၅၀)ပြည့်ရွှေရတုသဘင်အခမ်းအနားနှင့် ကျွန်းရွှေဝါရွှေရတုကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်ပညာရေးမှူး ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်လှိုင်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးချစ်ဦးတို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး ရွှေရတုသဘင်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဆုတိုးက ငွေကျပ်သိန်း၄၀ကျော်တန်ဖိုးရှိ ကျွန်းရွှေဝါရွှေရတုကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့က လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ရိုးစီရေမြောင်း

ဇွန် ၃၀ရက်က စစ်ကိုင်းခရိုင်ဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဖေယျတို့ ဇွန်၂၇ရက်က စစ်ကိုင်းတောင်ရိုးလမ်း ကျောက်ရိုးစီရေမြောင်း တည်ဆောက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဇွန်၅ရက်က အင်ဂျင်နီယာမှူး ဦးဘသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နေသခ်ါလမ်းထိပ် မြေယာရှုခင်းအလှပြုပြင်ခြင်းကို ဇွန် ၁၄ ရက်က ဒုတိယဦးစီးမှူး(အခွန်)ဦးဆန်းထွန်းနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ကြီးကြပ်ပေးစဉ်။ (၁၄၇)

ဂန့်ဂေါမြို့၌ ဆယ်အိမ်စုမှူးသင်တန်းဖွင့်

ဂန့်ဂေါ ဇူလိုင် ၁၀

ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲကို ဇွန်၂၇ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းတို့က အသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများသို့ ထပ်ဆင့်ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ (၀၇၁)

မြောင်မြို့နယ် ပြန်/ဆက် ဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းများပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆွေးနွေး

မြောင် ဇူလိုင် ၈

မြောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနှင့် ဝန်ထမ်းများသည် ကျေးရွာများစာဖတ်ရှိန်မြင့်မားရေးနှင့် စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် ဇွန် ၂၇ရက်နံနက်၁၀နာရီက မြောင်မြို့နယ် မရိုးကုန်းကျေးရွာ ပညာပါရမီစာကြည့်တိုက်၌ စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကျေးရွာစာကြည့်တိုက်မှူး ဦးမင်းသိမ်းက စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ-၅၊ အမှတ် ၁၀ပါ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ရေးသားသည့် တရုတ်နိုင်ငံ၏ လယ်ယာကျေးလက်ကဏ္ဍ တိုးတက်ကြီးပွားမှုများ ဆောင်းပါးကို ဖတ်ကြားဆွေးနွေးပြီး ခတ်ပုံကျွမ်းကျင်(၂) ဦးတင်ကိုကိုက ဒို့ကျေးရွာဂျာနယ်အတွဲ-၅၊ အမှတ် ၁၁ပါ ထွေးကိုထွန်း ရေးသားသည့် နာဂစ်အလွန်နိုင်ငံတော်အစိုးရ၏စေတနာ ဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းက စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးရှင်းလင်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်တွင် ဆောက်လုပ်လျက်ရှိသော သီရိမင်္ဂလာဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်း သုံးထပ်ကျောင်းဆောင်အတွက် အမှတ် ၁၅ သူကြွယ်လမ်း ကျောက်မြောင်းနေ ဦးအုန်းခင်-ဒေါ်တင်ဥ မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ရှေ့မှောက်တွင် ကျောင်းအကျိုးတော်ဆောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၇၁)

အရန်သားဖွားသင်တန်း ချောက်မြို့၌ဖွင့်

ချောက် ဇူလိုင် ၂၀

မကွေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ အရန်သားဖွားသင်တန်း ၃/၂၀၀၈ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၉နာရီက ချောက်မြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က အမှာစကား ပြောကြားပြီး အဖွဲ့ဝင်တိုင်းကျန်းမာရေး ဦးစီးဌာန သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာမြသီတာက အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအုပ် မြို့နယ်ဆရာဝန် ဒေါက်တာအောင်ဇော်မိုးက သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

လက်ခံ

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်းပေးအပ်ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဘောက်နန်က လက်ခံယူသည်။

အဆိုပါ သင်တန်းကို ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် မကွေး၊ ချောက်၊ ရေနံချောင်း၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီးမြို့နယ်များမှ ကျန်းမာရေးလုပ်ငန်း များ စိတ်ဝင်စားသူ သင်တန်းသူ ၂၀တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ လေဘောသင့် ဒေသကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအတွက် MV Copper Queen သင်္ဘောမှ CPT MOON-YONG နှင့် မြန်မာသင်္ဘောသားများ စုပေါင်း၍ အလှူငွေ ၇၇၇၇၇၇ ကျပ်ကို ရွှေပြည်ဟိန်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာကလက်ခံယူစဉ်။ (၁၁၇)

အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ရွက်လှလမ်း အမှတ် ၁၅၂နေ (ဆား) ဦးအောင်သိန်းအား ရည်စူး၍ ဒေါ်အေးတင်၊ သား ဦးလှိုင်ထွန်း၊ သမီး ဒေါ်စန္ဒာစိုး၊ မြေး ပွင့်ဖြူသန့်၊ ဝင်းသူခန့်၊ မောင်သူရထက် မိသားစုက ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၃၀၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဘဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ဟားကန့်မြို့ လှပရေး ပျိုးထုပ်ဆောင်ရွက်

ဟားကန့် ဇူလိုင် ၁၅

ဟားကန့်မြို့ သာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ရက်က ပျိုးဥယျာဉ်များ ထူထောင်၍ စက္ကူပန်း၊ခရစ်စမတ်နှင့် ခရာဝါပင်များပျိုး ထုပ်ခြင်းလုပ်ငန်းကို ဝန်ထမ်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းထွန်းတို့ ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆောင်ရွက်မည့် လယ်ခေါင်းကျေးရွာ ရေတွင်းအဆင့်မြှင့်ခြင်း (ငွေလုံးငွေရင်း) လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ဇွန် ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ သေဝတီသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

မုံရွာ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သေဝတီ သီလရှင်စာသင်တိုက်သို့ ဆွမ်း၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၁၁နာရီက မုံရွာမြို့ သေဝတီသီလရှင်စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ လှူဒါန်းပွဲ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သေဝတီ သီလရှင်စာသင်တိုက်ရှိ ဆရာကြီး ဒေါ်သေဝတီထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်ပြီး သီလရှင်ဆရာကြီး ဒေါ်သေဝတီထံသို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ဆွမ်းဆန်နှင့် ဆီများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်သီလရှင်ဆရာကြီးဒေါ်သေဝတီထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာ တရားနာယူရာ အခမ်းအနားတွင် ဆွမ်း၊ဆန်၊ဆီ၊ဆားနှင့်လှူဖွယ်ပစ္စည်းစုစုပေါင်းတန်ဖိုးမှာငွေကျပ် ၇၉၈၀၄၀ ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

အိမ်သုံးဆားများ၌ အိုင်အိုဒင်းပါဝင်မှု စစ်ဆေးကြပ်မတ်

မြင်းမူ ဇူလိုင် ၁၀

မြင်းမူမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင် ကျန်းမာရေးကိုအထောက်အကူပြုစေသော အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိနှင့် အိုင်အိုဒင်းဓာတ်မပါရှိသော ဆားများမရောင်းချစေရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော် ဦးဆောင်ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ မြို့မဈေးအတွင်းရှိ အိမ်သုံးဆား အရောင်းဆိုင်များကို စစ်ဆေးကြပ်မတ်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းလုပ်ငန်းများ အုတ်တွင်း၌ဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၁၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်အရ အုတ်တွင်းမြို့နယ် ကျောက်ရှစ်ဆယ်ကျေးရွာအုပ်စု၊ ဝါးတီးကျေးရွာအုပ်စုများရှိ စာသင်ကျောင်းနှင့်ဈေးတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၁၁ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းကြီးကြပ်

ယင်းသို့ ခြင်ဆေးဖျန်းခြင်း ကွင်းဆင်းဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်၊ မြို့နယ်ဆရာဝန် ဒေါက်တာသင်းသင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ခြင်ဆေးဖျန်း

ထို့ပြင်မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျွဲပွဲ၊ ညောင်ခြေထောက်ဒေသများရှိ စာသင်ကျောင်း၊ ဈေးနှင့်ရေမြောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၃၁၆)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဇူလိုင် ၁၀ရက်က ရန်ကုန်မြို့နေ ဒေါက်တာကျော်ကျော်တင့်-မခင်သက်နှင်းမိသားစုက အလှူငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူပြီး အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၁၄)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေးမြို့၌ ကျင်းပ

ရေး ဇူလိုင် ၁၃

ရေးမြို့နယ်သစ်တောဦးစီးဌာနမှ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက် နံနက် ၈နာရီက ရေးမြို့ တူးမြောင်းကျေးရွာ ရေး-မော်လမြိုင်ကားလမ်းဘေး၌ ကျင်းပသည်။

ပျိုးပင်များပေးအပ်

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်၏ဇနီး ဒေါ်နန်းယဉ်မေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်ချိုနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ပျိုးပင်များပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များက လက်ခံယူသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်သက်က ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာနှင့် ကျေးရွာဥက္ကဋ္ဌတို့၏ ကိုယ်စားလှယ်များက လက်ခံယူသည်။

စိုက်ပျိုး

ထို့နောက် တက်ရောက်လာသူများက ပျိုးပင်များကို စိုက်ပျိုးကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယမနေ၊ သစ်ဆိမ့်၊ ဆီသပြေနှင့် မန်ကျီယန်ရှားစသည့် ပျိုးပင်ပေါင်း ၇၂၀၀ ကျော်စိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



အများသိစေရန် သတိပေးကြေညာခြင်း

[illegible]

သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့ လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း (အလယ်ပိုင်း) သီရိရတနာဓမ္မာရုံကြီး၏ (၄၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးတင်ဟန်က မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၅)

မင်္ဂလာဗျူဟာပရဟိတအဖွဲ့(၁၁)နှစ်မြောက် အခမ်းအနားနှင့် အသက်ရာကျော်ဘိုးဘွားများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မင်္ဂလာဗျူဟာပရဟိတအဖွဲ့တည်ထောင်ခြင်း (၁၁)နှစ်မြောက် အခမ်းအနားနှင့် အသက်ရာကျော် ဘိုးဘွားများပူဇော်ပွဲကို ဩဂုတ် ၂၃ ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းမှ အသက်တစ်ရာနှင့်အထက် ဘိုးဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ရှိထင်ရှားကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၏ ထောက်ခံစာမူရင်း၊ လေးလက်မ×ခြောက်လက်မအရွယ်ဓာတ်ပုံတစ်ပုံနှင့်အတူ ပူဇော်ပွဲတက်ရောက်နိုင်ခြင်းရှိမရှိကို စာဖြင့်ရေးသား၍ အဖွဲ့တည်ရှိရာ မင်္ဂလာဗျူဟာအသင်းချုပ် အာဇာနည်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူကာ ဇူလိုင် ၃၁ရက်(ကြာသပတေးနေ့)နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ကျိုင်းတုံမြို့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဝန်ထမ်းရိပ်သာနေ ဇနီးဒေါ်သန်းဆွေအား ရည်စူး၍ ဦးစီးအရာရှိ ဦးမြင့်ဆွေက ကျိုင်းတုံဘိုးဘွားရိပ်သာ၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘိုးဘွားများအတွက် ဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းငါးသောင်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးသိန်းထိုက် လက်ခံယူစဉ်။ (က-ပ)

ပန်းအလှပင်များ မင်းပြားမြို့၌ စိုက်ပျိုး

မင်းပြား ဇူလိုင် ၁၅

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ရက်က မင်းပြားမြို့ စွန်ရဲလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင်များကို အဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးရာသို့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်သန်းဝင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့၌ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ကြို့ပင်ကောက် ဇူလိုင် ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ရက်က ခရိုင်ချင်းဆက်လမ်းအမှတ်(၁) (ကြို့ပင်ကောက်မြို့နယ်ပိုင်း)ရှိ ဘော်ဘင်တံတားမှ မြို့လယ်ချောင်းတံတားအထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ကို စိုက်ပျိုးကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစိုးမြင့်သိန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲဖွင့်

ပင်းတယ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ အခမ်းအနားကို ဇူလိုင်၁၀ရက် မွန်းလွဲ ၂ နာရီက ပင်းတယမြို့မ ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကြည်လင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ဘောလုံးအသင်းများက အားကစားအခမ်းအနားရှုပ်ဆိုကြ၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

အနိုင်ရရှိ

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ဘောလုံးကန်သွင်းပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲတွင် ဆူးဗိုလ်ကုန်းရပ်ကွက် အသင်းနှင့် ကံ့ဖြူမြို့မအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ဆူးဗိုလ်ကုန်း ရပ်ကွက်အသင်းက အနိုင်ရရှိသွားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြေယာရှုခင်းအလှ

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့စိမ်းလန်း စိုပြည်သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်က ဒုတိယဦးစီးမှူး ဦးအောင်ကိုဝင်းနှင့် ဝန်ထမ်းများ ဘုရင့်နောင်ကုန်းခြေတိုက်ကျွန်း မြေယာရှုခင်းအလှ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးအသိပညာပေးဟောပြော

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေ ၃၀ ရက်က ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ကျန်းမာရေးမှူး(၂) ဦးအောင်ဘိုလင်းက အသိပညာပေးဟောပြောစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆိပ်ငယ်ဈေးကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၂၃ ရက်က ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

အောင်ပန်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကလော ဇူလိုင် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့တွင် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းနာရီက အောင်ပန်းကြိုးဝိုင်း ကလော-အောင်ပန်း ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များနှင့် ပြည်သူများ စုစုပေါင်း ၃၉၈ ဦး ပါဝင်စိုက်ပျိုးကြသည်။

မျိုးစေ့တိုက်ရိုက်ချ

ယင်းသစ်ပင် စိုက်ပျိုးပွဲတော်တွင် မဲဇလီ၊ ရှား၊ စိန်ပန်းပင် စုစုပေါင်းအပင် ၃၀၀ ကို မျိုးစေ့တိုက်ရိုက်ချ၍ စိုက်ပျိုးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဧရာဝတီနှင့် စစ်တောင်းမြစ်ရေကျဆင်း

(ဇူလိုင် ၂၂ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များ

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် နိုင်ငံတော်က ဦးဆောင်စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်း ထားသော နေအိမ်များကို တွေ့ရစဉ်။ (သတင်း-၃)

(သတင်းစဉ်)

ရေနစ်ဝင်ရောက်ခဲ့သော ကျေးရွာများတွင် ရေကန်သန့်ရှင်းရေးများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရေနစ်ဝင်ရောက်ခဲ့သော လေဘေးသင့်ကျေးရွာများတွင် ရေနစ်စုပ်ထုတ်ရေးနှင့် ရေကန်သန့်ရှင်းရေး အတွက် မြို့နယ်ရေနစ်စုပ်ထုတ်ရေးအဖွဲ့ နှစ်ဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဖွဲ့(၁)သည် ယနေ့အထိ ကြက်လျှာ၊ ကျွန်းချောင်းနှင့် မဘော ကျေးရွာအုပ်စုများရှိ သောက်သုံးရေကန် ၁၁ ကန်နှင့် အဖွဲ့(၂)သည် နတ်မှူး၊ မြတ်သာရွာဝနှင့် လျှောက်ချောင်းကျေးရွာအုပ်စုများရှိ သောက်သုံး ရေကန် ၁၄ကန်တို့အတွင်းရှိ ရေနစ်များစုပ်ထုတ်ပေးနိုင်ပြီး ရေကန်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသည့်အပြင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေကန်လုံခြုံရေးများကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းပန်းခက်ခဲသော လေဘေးသင့်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်းလေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် ကျန်းမာရေးဦးစီးဌာန ဧရာဝတီတိုင်း ကူးစက်ရောဂါစုံစမ်းရေးအရာရှိ ဒေါက်တာခင်နန်းလုံ ဦးဆောင်၍ ကဒုံကနီတိုက်နယ်ဆေးရုံမှ ဒေါက်တာအေးနိုင်၊ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာအောင်သူနှင့် ဖျာပုံမြို့နယ်မှ အခြေခံကျန်းမာရေး ဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ လမ်းပန်းခက်ခဲသောလေဘေးသင့်ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဖျာပုံမြို့နယ် ကဒုံကနီတိုက်နယ်မှ လမ်းပန်းခက်ခဲသော ကဒုံဇရာ (၁၊ ၂)ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ၌ ဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါလူနာများနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးလူနာများ စမ်းသပ်ကုသပေးခြင်း၊ သွေးလွန် တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရန် ကျေးရွာအတွင်းရှိ နေအိမ်များနှင့် တွဲဖက်အထက်တန်းကျောင်းများရှိ သောက်သုံးရေများကို ပိုးလောက်လမ်း စစ်ဆေးခြင်း၊ ပိုးလောက်လမ်းသတ်ဆေး Abate ခတ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာနေပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။ **(သတင်းစဉ်)**